


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
ရန်ကုန်မြို့၌ ဟောကြား ဆုံးမတော်မူသော တရားတော်

# ဘုန်းကြီးက သုသာန်သွားရင်း ဟောနေတာ

## သစ္စာသိအောင်လုပ်ပါ

၄၇

ဟောကြားသည့်နေ့. (၁၀.၇.၆၂)

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
သစ္စာလေးပါး တရားတော် အမှတ်စဉ်(၂)မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

# ဘုန်းကြီးက သုသာန်သွားရင်းဟောနေတာ

# သစ္စာသိအောင်လုပ်ပါ

ဟောကြားသည့်နေ့

(၁၀၊ ၇၊ ၆၂)

ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
ရန်ကုန်မြို့၌ ဟောကြား ဆုံးမတော်မူသော တရားတော်
ဘုန်းကြီးက သုသာန်သွားရင်းဟောနေတာ

# သစ္စာသိအောင်လုပ်ပါ

ဟောကြားသည့်နေ့(၁၀-၇-၆၂)

❀ ❀ ❀

ဒကာ၊ဒကာမတို့ သင်တို့သည် မအိုမသေ အမြဲနေတဲ့ နိဗ္ဗာန်ရောက်ချင်ပါတယ်ဆိုလို့ရှိရင် ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်ရောက်ချင်ပါတယ်ဆိုလို့ရှိရင် တစ်ထောင့်ငါးရာ ကိလေသာ အပူခာတ် အလောင်ခာတ်တို့ကို ငြိမ်းသတ်နိုင်တဲ့ နိဗ္ဗာန်ကို ရောက်ချင်လို့ရှိရင်ဖြင့် သစ္စာသိအောင်လုပ်၊ သဘောပါကြပလား ...(ပါ,ပါတယ်ဘုရား) ဘာလုပ်ရမလဲ...(သစ္စာသိအောင်လုပ်ရ

ပါ့မယ်) သစ္စာသိအောင်လုပ်မှုမှတစ်ပါး ဒကာ၊ဒကာမတို့အခြား လုပ်မှု မရှိဘူးဆိုတာ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

## သစ္စာသိဖို့ အရေးအကြီးဆုံး

ဒါဖြင့်–သစ္စာသိဖို့အရေးဟာ ဒကာ၊ဒကာမတွေ အရေးကြီးဆုံးအချက်ပါလို့ မှတ်ပါ...(မှန်လှပါဘုရား)၊ သစ္စာသိဖို့အရေးဟာ...(အရေးအကြီးဆုံး အချက်ပါဘုရား) အရေးအကြီးဆုံး အချက်လို့မှတ်ကြစမ်းပါ ဆိုတာကို ဘုန်းကြီးများက ရင်းနှီးစွာဖြင့် သတိပေးတယ်လို့ အောက်မေ့ပါ...(မှန်ပါ့)။

ခင်ဗျားတို့ထင်နေတာက တို့သည်ကားလို့ ဆိုလို့ရှိရင် ဒါနပြုနေတာပဲ၊ သီလဆောက်တည်နေတာပဲ၊ သမထလည်း ထိုက်တန်သလောက်တော့ ကြိုးစားနေတာပဲ၊ လက္ခဏာရေး သုံးပါးလည်း တို့မပြတ်မလပ်ဘဲ ရိပ်သာတွေရှိတဲ့ဆီ သွားပြီး အားတဲ့အချိန်ကြိုးစားကြတာပဲ။ ဒါတွေဟာ ဝေးသောအကြောင်းတွေလို့ မှတ်လိုက်စမ်းပါ။ ဘယ်လိုမှတ်ကြမလဲ...(ဝေးသော အကြောင်းတွေပါဘုရား)နီးသောအကြောင်းက ဘာပါလိမ့်မလဲလို့ မေးရင် ဘယ့်နှယ်ဖြေကြမလဲ...(သစ္စာသိအောင်လုပ်ပေးရပါမယ် ဘုရား) ။

သေသေချာချာမှတ်ပါ၊ နီးသောအကြောင်းက ဘာပါလိမ့် ...(သစ္စာသိအောင် လုပ်ရပါမယ်ဘုရား) သဘောပါကြလား ...(ပါ,ပါတယ်)။

## သစ္စာသိဖို့ အခြေအရံတွေ

ဒါဖြင့်သစ္စာသိဖို့ထက် အရေးကြီးတာရှိသေးရဲ့လား...(မရှိပါဘုရား) မရှိတော့ဘူးဆိုတော့ ဘုန်းကြီးများက ဒါန တရားကိုလည်း ဟောတတ်ပါတယ်။ သီလတရားကိုလည်း ပြောတတ်ပါတယ်၊ သမထတရားကိုလည်း နည်းပေးတတ်ပါတယ်။

သို့သော်လည်းတဲ့၊ ဒါတွေဟာ သစ္စာသိဖို့ အခြေအရံတွေ ဖြစ်နေတော့ ဒကာ၊ ဒကာမတွေ လိုရင်းပဲ ပေးပါရစေဆိုတာကို တရားပွဲအစမှာ ဒကာ၊ ဒကာမတွေ ပြောလိုက်ပါတယ်။ ဘာ အရေးကြီးပါသလဲ...(သစ္စာဖို့ အရေးကြီးပါတယ်ဘုရား) သစ္စာ သိဖို အရေးကြီးတယ်ဆိုတာ ဒကာ၊ ဒကာမတွေ လေးစားစွာနဲ့ မှတ်ပါနော်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သစ္စသံယုတ်မှာ ဟောခဲ့တယ်။

ငါသည်ကွာတဲ့၊ လူတစ်ယောက်ကပြောတယ်၊ တိုင်တစ်လုံး မှမပါဘဲနဲ့ ဒိုင်းတွေတင်ခဲ့တယ်ကွာဆိုရင် ဒီတစ်ပွဲလုံးက ယုံကြမလား...(မယုံပါဘုရား)တိုင်တစ်လုံးမှ မပါဘဲနဲ့ ဒိုင်းတင်ခဲ့ တယ်လို့၊ အိမ်ဆောက်တဲ့အခါမှာဆိုရင် ဘယ်သူယုံကြပါ့မယ် ...(မယုံပါဘုရား)။

အဲ...တစ်စုံတစ်ယောက်သောသူက ငါသည်ကားလို့ ဆိုလို့ ရှိရင်ဖြင့် ငါဘုရားဟောမယ်တဲ့၊ သစ္စာမသိဘဲနဲ့ နိဗ္ဗာန်ဝင်ခဲ့တယ်လို့ ပြောလို့ရှိရင်ဖြင့်တဲ့၊ တိုင်မပါဘဲနဲ့ ဒိုင်းတင်ခဲ့တယ် ပြောတဲ့ ပုဂ္ဂိုလ်နဲ့ အတူတူပဲဟော့တဲ့...(မှန်ပါ့) ဆိုတော့ ကန့်ကွက်ချ လိုက်တယ်၊ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဒါသစ္စာမသိဘဲနဲ့ နိဗ္ဗာန်ဝင်ခဲ့တယ်ဆိုရင် တိုင်မပါဘဲနဲ့ ဒိုင်းတင်ခဲ့တယ်ပြောတာ မယုံသလို၊ မယုံနဲ့တဲ့။

## သစ္စာသိမှ နိဗ္ဗာန်ဝင်မယ်

အဲဒါကြောင့် ဒကာ၊ဒကာမတို့'သစ္စာသိမှ နိဗ္ဗာန်ဝင်ရမယ်' ဆိုတာ သေသေချာချာမှတ်ပါ...(မှန်ပါ့)၊ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် ဒကာ၊ဒကာမတို့၊ အခုပြောလိုက်တဲ့ ဥပမာ...ဘယ်မှာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ မှတ်လိုက်စမ်းပါ၊ ဘယ်မှာလာပါလိမ့်၊ သစ္စသံယုတ်ပါဠိတော်မှာ လာပါတယ်...(သစ္စသံယုတ်ပါဠိတော်မှာ လာပါတယ်)။

ပါဠိတော်ဆိုသဖြင့် သူများဟောတာလား၊ဘုရားကိုယ်တော်တိုင်သိပြီး ဘုရားကိုယ်တော်တိုင်ဟောတာလား...(ကိုယ်တော်တိုင်ဟောတာပါဘုရား)၊ ကိုယ်တော်တိုင်ဟောတာဖြင့် ခင်ဗျားတို့က သူများပြောတာ ယုံဖို့လိုသေးသလား...(မလိုပါဘုရား)။

အဲဒါကြောင့် မြန်အောင်ဦးတင်တို့ သေသေချာချာဆုံးဖြတ်ချက်ချပါ၊ ငါတို့သည်ကားဆိုလို့ရှိရင် သစ္စာမသိသေးလို့ရှိရင်ဖြင့် ဘယ်တော့မှ နိဗ္ဗာန်မရသေးလို့ မှတ်လိုက်ပါ...(မှန်ပါ့)။

သစ္စာမသိသေးရင် (ဘယ်တော့မှနိဗ္ဗာန်မရသေးပါ)၊ဘယ်တော့မှ နိဗ္ဗာန်မရသေးဆိုတာ မှတ်လိုက်စမ်းပါ၊ ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား)။

သစ္စာမသိသေးရင်...(ဘယ်တော့မှ နိဗ္ဗာန်မရသေးပါ)၊ ဘယ်တော့မှ နိဗ္ဗာန်မရသေးဘူးဆိုတာ သေသေချာချာမှတ်ပါ

...(မှန်ပါ့)။

## ဘုန်းကြီး ဒီလာခြင်းအကြောင်းက ကယ်တင်ဖို့

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေကို ယခုလာပြီး ချီးမြှောက်တာ၊ ဦးသံဒိုင်နဲ့တကွ ဦးမြတို့၊ ဦးအောင်ဖေဝေတို့ အားလုံးပေါ့လေ၊ မောင်ကိုတို့ ပင့်ဆောင်ပြီးသကာလ ကိစ္စလဲ ရှိတာနဲ့ လာခဲ့ပါတယ်။ ဒီလာခြင်းအကြောင်းက ဒီကိစ္စအရေး မကြီးပါဘူး၊ ဒီဒကာ၊ ဒကာမတွေကို ကယ်တင်ဖို့ မေတ္တာရှေ့ထား တာကလဲ အရေးအကြီးဆုံး အချက်ပါလို့ မှတ်ပါ...(မှန်ပါ့)။

အဲဒါကြောင့် ဒီတရားကို ဩော်...ငါတို့သည်သစ္စာသိမှု တစ်လုံးမိလို့ရှိရင်ဖြင့် ကိစ္စပြီးတာပဲလို့ မှတ်လိုက်ကြစမ်းပါ။ သစ္စာတစ်ချက်တည်း မိလိုက်ရင် မိလိုက်ရင် ကိစ္စပြီးတယ်... (မှန်ပါ့ဘုရား)။

နိဗ္ဗာန်ရောက်မှုကိစ္စသည် ဒကာ၊ ဒကာမတို့ သစ္စာသိမှ ပြီးနိုင်တယ်ဆိုတာ ရိပ်မိကြပလား...(ရိပ်မိပါပြီဘုရား)၊ ဒါဖြင့် နိဗ္ဗာန်ရောက်ချင် ဘာသိအောင်လုပ်ရမလဲ...(သစ္စာသိအောင် လုပ်ရပါမယ်ဘုရား)။

## နိဗ္ဗာန်ရောက်ချင်ရင် ဘာလုပ်ရမယ်

ဒကာ၊ ဒကာတွေ ရိပ်မိပလား...(မှန်ပါ့)၊ နိဗ္ဗာန်ရောက်ချင် ဘာလုပ်ရမယ်...(သစ္စာသိအောင်လုပ်ရပါမယ်)၊ သစ္စာသိအောင် လုပ်ရမယ်ဆိုတာ ဩော်...ဒီသစ္စာ ဘယ်မှာရှိပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ ဒကာ၊ ဒကာမတို့သစ္စာသိမှ သစ္စဉာဏ်ရမှာ

ကိုးဗျ…(မှန်ပါ့)။

သစ္စဉာဏ်ရမှ ကိစ္စဉာဏ်တက်နိုင်မှာကိုး–(မှန်ပါ့ဘုရား)။ ကိစ္စဉာဏ်ရမှ ကတဉာဏ်ဆိုတဲ့ နိဗ္ဗာန်မျက်မှောက်ပြုနိုင်မယ်…(မှန်ပါ့)၊ သဘောပါကြပလား…(ပါပါတယ်ဘုရား)။

သစ္စာသိမှ…ဘာဉာဏ်ရသတုံး…(သစ္စဉာဏ်ရပါတယ်)၊ ထိုသစ္စာ၏ ကိစ္စကို သိမှ ဘာဉာဏ်ရသတုံး…(ကိစ္စဉာဏ်ရပါတယ်)၊ထိုသစ္စာတွေကို ဒကာ၊ ဒကာမတွေ သည်ကားလို့ဆိုရင် အကုန်အသိဆုံးတဲ့အခါကျတော့မှ ကတဉာဏ်ရမယ်…(မှန်ပါ့)၊ ပေါ်ကြပလား…(ပေါ်ပါတယ်ဘုရား)။

## သစ္စာဉာဏ် ကိစ္စဉာဏ် ကတဉာဏ်

ဒါဖြင့် ဒကာ၊ဒကာမတို့၊ ယနေ့နံနက်ဟောရမှာက သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်ပဲ ဟောရမှာကိုး…(မှန်ပါ့)၊ ပေါ်ကြပလား…(ပေါ်ပါပြီ)၊ ဘာဟောရမှာပါလိမ့်…(သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် ဟောပါမယ်။)

အရှင်ဘုရား–ဟောရမှာက ဘယ်ကလာပါလိမ့်မလဲ၊ တပည့်တော်တို့ဖြင့် ဥဒယဗ္ဗယ၊ ဘင်္ဂ၊ ဘယအာဒီနဝ၊ နိဗ္ဗိန္ဒ ၊ မုဉ္စိတု ကမျတာ၊ ဉာဏ်များလုပ်လိုက်ရတာ ဖားနေပြီဘုရား၊ ဒီမှာ အားလုံးပဲ ရိပ်သာတွေမှာရှိနေတာ ဒီဉာဏ်စဉ်ပဲ၊ ပြနေတာပဲ၊ အခု ဘုန်းကြီးလာပြန်တော့ ဒီဉာဏ်စဉ် မပါပြန်ဘူး၊သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်နဲ့ ဟောပြန်တယ်ဆိုတော့ ဒကာ၊ ဒကာမတွေမှာ ဖြုန်းခနဲဆိုတော့ အင်း––ဉာဏ်က တိုလှချည်းလား၊ တို့သိထားတဲ့ဉာဏ်က ဉာဏ်ရှည်ကြီးပါလားဆိုတာ ဒကာ၊ ဒကာမ

တွေ သံသယမရှိဘူးလား…(ရှိပါတယ်ဘုရား)။ ရှိတော့ကို ဒါကိုလည်း အကုန်ရှင်းပေးပါမယ်ဆိုတဲ့ဥစ္စာ ခင်ဗျား တို့သိတဲ့ ဉာဏ်တွေဟာ အပေါ်သိကံ မဖြစ်ပါဘူး၊ ကိုယ်က သစ္စာမသိလို့ သာလျှင် သစ္စာမဖြစ်ရရှာတာ၊ စင်စစ်ခင်ဗျားတို့ သိထားတာကို ဘုန်းကြီးက သစ္စာဆိုင်းဘုတ် ဆွဲပေးလိုက်လို့ရှိရင် ဩော်… တို့သိတာ သစ္စာပါလားဆိုတာ အဖြေထွက်လာလိမ့်မယ်၊ မထွက် ပေဘူးလား… (မှန်ပါ့)။

## သစ္စာဘယ်မှာရှိပါလိမ့်

အဲဒါကြောင့် ဒကာ၊ ဒကာမတို့…သစ္စာဘယ်မှာရှိသလဲလို့ မေးလို့ရှိရင် ခန္ဓာမှာရှိတယ်၊ သစ္စာဘယ်မှာရှိပါလိမ့်…(ခန္ဓာမှာ ရှိပါတယ်ဘုရား)၊ ခန္ဓာမှာရှိတယ်။

ဒါကြောင့် သံယုတ်ပါဠိတော်ဘာသာပြန်မှာပဲကြည့်ကြည့်၊ အင်္ဂုတ္တိုရ်ပါဠိတော် ဘာသာပြန်မှာပဲကြည့်ကြည့်၊ ဒကာ၊ ဒကာမ တွေ တစ်လံမျှလောက်သော ခန္ဓာကိုယ်ထဲမှာ သစ္စာလေးပါး ရှိတယ်လို့ ဟောလိမ့်မယ်။

ဘယ်မှာရှိပါလိမ့်…တစ်လံမျှလောက်သော ခန္ဓာကိုယ်မှာ သစ္စာရှိပါတယ်)။

သစ္စာရှိတယ်ဆိုတော့ ဩော်…ဒါဖြင့် တို့လည်း ရှုနေတာ တစ်လံမျှလောက်သော ခန္ဓာကိုယ်ထဲမှာပဲ ရှုနေတာပဲဆိုတာ ပေါ်မလာဘူးလား…(ပေါ်လာပါတယ်ဘုရား)။

ပေါ်လာတော့ တို့ရှုနေတာနဲ့ ဘုန်းကြီးဟောတဲ့ သစ္စာနဲ့ဟာ တို့က ဆိုင်းဘုတ်မဆွဲတာတစ်မယ်ကျန်တာကိုး…(မှန်ပါ့)၊ ဆို

တော့ ထပ်မသွားသေးဘူးလား ဒကာ၊ဒကာမတို့...(သွားပါ တယ်)၊ ထပ်သွားပြီဆိုတာ သဘောပါလား...(ပါပါတယ် ဘုရား)။

သို့သော်ထပ်သာသွားတယ်၊ ခင်ဗျားတို့က ဒါက သစ္စာလို့ မသိသေးဘူး၊ သိပြန်တော့လဲ အပေါင်းသိဖြစ်နေတယ်၊ သိပြန် တော့လဲ ဒကာ၊ဒကာမတွေ သိစရာက ကျန်နေတယ်...(မှန်ပါ့)၊ ကျန်တော့ ဒကာ၊ဒကာမတွေကို သေသေချာချာပြပါ့မယ်၊ အပြင်ဘက်က ဒကာ၊ဒကာမတွေတော့ မြင်ရမယ် မဟုတ်ဘူး၊ အတွင်းက ဒကာ၊ဒကာမတွေတော့ ဂရုစိုက်ကြည့်ကြတာပေါ့ ...(မှန်ပါ့ဘုရား)။

## အရမ်းသင်နေတာ မဟုတ်ပါဘူး

အကယ်၍ မမြင်ရတဲ့ အပြင်ဘက်က ဒကာ၊ဒကာမတွေဖြစ် စေ၊ အကွယ်အကာနဲ့နေတဲ့ ဒကာ၊ဒကာမတွေဖြစ်စေ၊ ဘုန်းကြီး များ ကုသိုလ်ဖြစ် ဟသ်ာတဦးမာဒင်က လှူဒါန်းထားတဲ့ ပဋိစ္စ မုပ္ပာဒ်၊ စက်ရဟတ်ကိုကြည့်ပါ၊ အရမ်းသင်နေတယ်လို့ အောက်မေ့ မနေကြပါနဲ့ သဘောပါကြပလား၊...(ပါပါတယ်ဘုရား)၊ အရမ်း သင်နေတာ မဟုတ်ပါဘူးဆိုတာ သေသေချာချာမှတ်ပါ။

ကဲ...ဒါဖြင့် ခင်ဗျားတို့၊ဉာဏ်စဉ်ကို ဘုန်းကြီး ရှေးဦးစွာ စဉ်ပေးပါမယ်ဆိုတာ ဒကာ၊ ဒကာမတွေ သေသေချာချာ မှတ်ပါတော့။

## သစ္စာလေးပါးမသိတာ အဝိဇ္ဇာ

ဒကာ၊ဒကာမတွေ ဒီသစ္စာလေးပါးမသိတာက အဝိဇ္ဇာ၊ အဝိဇ္ဇာဆိုတာ ဘာပါလိမ့်...(သစ္စာလေးပါး မသိတာပါဘုရား)။

သြော်...ဒါဖြင့် ဒကာဒကာမတွေ ဒီသစ္စာလေးပါး မသိတာ အဝိဇ္ဇာဆိုတော့ 'ဒုက္ခေ အညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ' ပါဠိရှုတ်နေလို့ မောရုံပါပဲ၊ ခင်ဗျားတို့ သစ္စာလေးပါးမသိတာ ဘာပါလိမ့်...(အဝိဇ္ဇာပါဘုရား)၊ ရှင်းပြီနော်...(မှန်ပါ့)။

အဝိဇ္ဇာဟာ ဘာမသိတာပါလိမ့်–(သစ္စာလေးပါးမသိတာပါဘုရား)၊ ဒုက္ခသစ္စာလဲ သူသိရဲ့လား...(မသိပါဘုရား)၊ သမုဒယ သစ္စာကော...(မသိပါဘုရား)၊ နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်ကော– –(မသိပါဘုရား)၊ မဂ္ဂသစ္စာဆိုတဲ့ နိဗ္ဗာန်သွားကြောင်းကော... (မသိပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့အတိတ်ဘဝက ဘာနဲ့နေခဲ့ပါလိမ့်မလဲလို့ မေးရင် ဘယ့်နှယ်ဖြေကြမလဲ...(အဝိဇ္ဇာနဲ့နေခဲ့ကြပါတယ်ဘုရား)၊ ဒါဖြင့် သစ္စာမသိတာနဲ့ နေခဲ့တယ်...(မှန်ပါ့)၊ ဒကာ၊ဒကာမတွေ ဘာနဲ့နေခဲ့ကြပါလိမ့်...(သစ္စာမသိတာနဲ့ နေခဲ့ပါတယ်)။

သစ္စာလေးပါးကိုမသိတဲ့တရားနဲ့ ခင်ဗျားတို့နေခဲ့တဲ့အတွက် တဲ့ ဒကာ၊ဒကာမတွေ...(ရှေးဘဝကသစ္စာလေးပါး မသိတဲ့တရား နဲ့ နေခဲ့တဲ့အတွက်)၊ ခင်ဗျားတို့ ကုသိုလ်ပြုကြတယ်။

ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထကုသိုလ်တွေပြုကြပါ တယ်၊ မပြုကြဘူလား...(ပြုကြပါတယ်ဘုရား)၊ ပြုပြီးသကာလ ပြုတာကကုသိုလ်၊ ဆုတောင်းတာက ဘဝတဏှာဖြစ်လေသော ကြောင့် အပုညာဘိသင်္ခါရ၊ ကုသိုလ်ပြုတာက သင်္ခါရ၊ ပုညာဘိ

သင်္ခါရ စာလိုသုံးရင်...(မှန်ပါ)၊ စာလိုသုံးရင် ကုသိုလ်က ဘာတဲ့...(ပုညာဘိသင်္ခါရပါ)၊ အကုသိုလ်နဲ့ ဆုတောင်းတာက ဘာတဲ့ အပုညာဘိသင်္ခါရ၊ ရိပ်မိပလား...(မှန်ပါ)။

ဘာဖြစ်လို့ ဒီကုသိုလ်ပြုပြီး လူဖြစ်ချင်၊ နတ်ဖြစ်ချင် ဆုတောင်းပါလိမ့်မလဲလို့ မေးဖို့ မလိုဘူးလား...(လိုပါတယ်)၊ မသိလို့တောင်းတာ...(မှန်ပါ)၊ မသိလို့ပြုတာ၊ မသိလို့ပြုပြီး သကာလ တောင်းတာ...(မှန်ပါ)။

## ဒါနပယ်တာမဟုတ်ဘူး

သိလို့ ကုသိုလ်ပြုရင် ဘုန်းကြီးက ခန္ဓာကိုယ်ပေါင်လှူလို့ ဟောလိုက်တယ်။ ဒါနပယ်တာမဟုတ်ဘူး...(မှန်ပါ)၊ မသိဘဲ ပြုခဲ့သော် ဒကာ၊ဒကာမတို့ ခင်ဗျားတို့ပြုတဲ့အတိုင်း...တဲ့၊ မသိတဲ့ ပုဂ္ဂိုလ် ကုသိုလ်လုပ်လို့ရှိရင်ဖြင့် သင်္ခါရဖြစ်တယ်...(မှန်ပါ)။

ဘယ့်နှယ်ကြောင့် သင်္ခါရဖြစ်သတုံး၊ ပုညာဘိ သင်္ခါရ ဖြစ်ရသတုံးလို့ သခင်ဝတင်တို့က မေးလို့ရှိရင် အို...မသိခဲ့လို့ လုပ်တာကွ...၊ ရှင်းပလား...(ရှင်းပါပြီ)၊ အဝိဇ္ဇာပစ္စယာ... (သင်္ခါရာပါ)၊ ဟော...သူ့အကြောင်း ကင်းသေးတယ်ဆိုသလား- အကြောင်းမကင်းဘူးဆိုသလား...(အကြောင်းမကင်းပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာအုပ်ချုပ်တဲ့ကုသိုလ်၊ပေါ်ကြပလား...(ပေါ်ပါ တယ်ဘုရား)၊ မသိတာ၊ အုပ်ချုပ်တဲ့...(ကုသိုလ်ပါဘုရား)၊ ရှင်းကြလား...(ရှင်းပါပြီ)။ မသိတာ...(အုပ်ချုပ်တဲ့ကုသိုလ်ပါ ဘုရား)။

## သစ္စာမသိတဲ့ ကုသိုလ်

မသိတာ အုပ်ချုပ်တဲ့ ကုသိုလ်ဆိုတော့ မသိတဲ့ကုသိုလ် ဖြစ်ပြီးသကာလနေတော့ နိဗ္ဗာန်ရောက်ပါ့မလားလို့ မေးလိမ့်မယ် ...(မရောက်ပါဘုရား)။

ဘာဖြစ်လို့မရောက်တာတုံးဆိုတော့ သစ္စာမသိတဲ့ကုသိုလ် က နိရောဓသစ္စာကော သူသိရဲ့လား...(မသိပါဘုရား)။

ဒါဖြင့် မသိတဲ့ကုသိုလ်က မသိသလိုသာ ဖြစ်ရမယ်၊ နိဗ္ဗာန်မရောက်ဘူး၊ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)၊ မသိတဲ့ ကုသိုလ်ဟာ ...(နိဗ္ဗာန်မရောက်ပါ)၊ မသိသလိုသာဖြစ်ရမယ်၊ နိဗ္ဗာန်တော့...(မရောက်နိုင်ပါဘုရား)။

ဒါဖြင့်ဘုန်းကြီးကရမ်းပြောတာလား၊ခင်ဗျားတို့က အတိတ် ဘဝက ဒီအတိုင်း လာခဲ့တာလားဆိုတာမေးကြည့်ပါ...(အတိတ် ဘဝက ဒီအတိုင်းလာခဲ့တာပါ)။

ဒီကြည့်ပါ၊ ဒီကြည့်ပါ၊ဒကာဒကာမတို့ အတိတ်အကြောင်း လို့ မပြဘူးလား...(ပြပါတယ်)၊တစ်ခါစဉ်းစား၊သြော်...ဘုန်းကြီး ကလဲ တို့ကိုပြောလိုက်တာ မသိတဲ့ပုဂ္ဂိုလ် ပြုတဲ့ကုသိုလ်၊ ဘုံဘဝကို မသိလို့ ဆုတောင်းတယ်၊ ဘဝတဏှာ မပါသေးဘူး လား...(ပါ,ပါတယ်ဘုရား)။

## မသိလို့တောင်းတဲ့ဆု

ဒါဖြင့် အဝိဇ္ဇာပစ္စယာ...(သင်္ခါရာပါ)၊ ဒါဖြင့် မသိတာ အုပ်ချုပ်တဲ့ကုသိုလ်၊ မသိလို့တောင်းတဲ့ဆု၊ ဆိုထိုက်၊ မဆိုထိုက်

ဒါဖြင့် ဒကာ၊ဒကာမတွေ သူဘယ်လောက်ထိအောင်မသိ သတုံးလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့် ဒီထောက်ကြည့်ရမယ် ...ဘာသစ္စာတုံး...(သမုဒယသစ္စာပါဘုရား)၊ နို့...လုပ်ကတည်းက သမုဒယသစ္စာလုပ်တဲ့ဟာ၊ ဒုက္ခသစ္စာရမှာပေါ့...(မှန်ပါ့)။

ငြင်းဖို့လိုသေးသလား...(မလိုပါဘုရား)၊ သူမသိလို့လုပ်တာက ဘာသစ္စာတုံး၊ ဒီနှစ်ခုက...(သမုဒယသစ္စာပါဘုရား)၊ ဒါဖြင့် သေသည်၏ အခြားမဲ့၌ ဟောဒီအဆက်ကလေး စပ်သွားလို့ရှိရင်ဖြင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ မြန်မာလိုပြန်ရင် ခန္ဓာငါးပါး၊ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် မသိတဲ့ ပုဂ္ဂိုလ်ဟာ ဒုက္ခရောက်တယ်...(မှန်ပါ့)၊ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)၊ သိတဲ့ပုဂ္ဂိုလ်လုပ်ရင် ဒုက္ခလွတ်တယ်...(လွတ်ပါတယ်ဘုရား)၊ ရှင်းပလား...(ရှင်းပါပြီ)။

မသိတဲ့ပုဂ္ဂိုလ်ပြုလုပ်လို့ရှိရင်...(ဒုက္ခရောက်ပါတယ်)၊ သူများ ပြောတာလားလို့ဆိုတော့ မသိတဲ့နှစ်ခုဟာ ဘာသစ္စာတုံး ...(သမုဒယနဲ့ ဒုက္ခသစ္စာပါဘုရား)။

သမုဒယသစ္စာက နိရောဓသစ္စာတော့ မဖြစ်နိုင်ဘူးဗျ... (မဖြစ်နိုင်ပါဘုရား)၊ ကျေးဇူးကော...ပြုနိုင်ပါ့မလား...(မပြုနိုင်ပါဘုရား)၊ သေချာပလား...(သေချာပါတယ်)။

## ဘုန်းကြီးက အမှန်ကိုသာ သိစေချင်တယ်

ဘုန်းကြီးက ဒကာ၊ဒကာမတွေရှေ့မှာ သက်န်းဝါဝါဝတ်ပြီး သူက စာသင်လာပြီး တို့အပေါ် ကြွားတာဆိုမလားခင်ဗျားတို့

ဖြစ်စဉ်လား...(ဖြစ်စဉ်ပါဘုရား)၊ မကြွားပါဘူး၊ ဘုန်းကြီးက ကြွားကို မကြွားတတ်ဘူး၊ အမှန်ကိုသာ သိစေချင်တယ်၊ ဒီထဲက ရန်ဖြစ်မှာလဲစိုးတယ်၊ သဘောပါကြပလား...(ပါ,ပါ တယ်)။

## အတိတ်ဘဝက ဘာသစ္စာလုပ်ခဲ့တုံး

ဒါဖြင့် မသိတာဘာတုံး...(အဝိဇ္ဇာပါ)၊ ပြုချင်တိုင်းပြု တာက...(သင်္ခါရပါ)၊ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် သူအတိတ်ဘဝက ဘာသစ္စာလုပ်ခဲ့တုံး...(သမုဒယ သစ္စာလုပ်ခဲ့ပါတယ်)၊ ဒါဖြင့် သေသည်၏ အခြားမဲ့၌ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါး ရ,မရ...(ရပါတယ်)၊ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

ဘယ်က ရတုံးဆိုတော့ ပစ္စုပ္ပန်အကျိုးတဲ့၊ ဒါအတိတ် အကြောင်းဖြစ်လို့ ပစ္စုပ္ပန်အကျိုးလို့ မရေးထိုက်ဘူးလား... (ရေးထိုက်ပါတယ်ဘုရား)၊ ဒီအကျိုးဘာသစ္စာလို့ ဆိုကြမယ် ...(ဒုက္ခသစ္စာပါဘုရား)။

ကောင်းပြီ၊ ခင်ဗျားတို့သွားပြီ၊ မသိတဲ့ပုဂ္ဂိုလ်လုပ်တဲ့ ကုသိုလ် ဟာ ကြောက်စရာကောင်းလိုက်တာ...(မှန်ပါ)၊ ဒကာ၊ဒကာမတို့ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

သိတဲ့ပုဂ္ဂိုလ်လုပ်တာလား၊ မသိတဲ့ပုဂ္ဂိုလ်လုပ်တာလား ...(မသိတဲ့ပုဂ္ဂိုလ်လုပ်တာပါဘုရား)၊ ဒါဖြင့်မသိတာက အဝိဇ္ဇာ ပြုလုပ်တာက...(သင်္ခါရပါဘုရား)၊ ရတာက ဘာသစ္စာတုံး...

လူခန္ဓာငါးပါးရလဲ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)၊ နတ်ခန္ဓာငါးပါးရကော...(ဒုက္ခသစ္စာပါဘုရား)၊ ဗြဟ္မာခန္ဓာငါးပါး ရကော...(ဒုက္ခသစ္စာပါဘုရား)။

ဒါ...သိတဲ့ပုဂ္ဂိုလ်မို့ ရတာလား၊ မသိလို့လုပ်လို့ရတာလား ... (မသိလို့ လုပ်လို့ရတာပါဘုရား)၊ ပေါ်ကြလား...(ပေါ်ပါပြီ)။

ဒါဖြင့် ဘုန်းကြီးတို့ ဒီအဓိပ္ပာယ်ကို လည်လည်မပြောလို့ ရှိရင် ဒီဒကာ၊ဒကာမတွေဟာ မသိသလိုလုပ်နေဦးမှာပဲ...(မှန်ပါ့)၊ ပေါ်ကြပလား...(ပေါ်ပါပြီ)း ဘယ်လိုလုပ်နေမယ်ထင်ကြသလဲ ...(မသိသလို လုပ်နေမှာပါဘုရား)။

## အကန်းလမ်းသွားလို့ ချော်လဲတာ

မသိသလို လုပ်လို့ရှိရင်ဖြင့် ဥပမာပြောကြပါစို့၊ မျက်လုံး ကန်းလမ်းသွားလို့ ချော်လဲတာကွ၊ ပေါ်ကြပလား...(ပေါ်ပါပြီ)၊ ဒါကဘာတုံး...(မျက်လုံးကန်းပါဘုရား)၊ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရဆိုတာ ခြေထောက်နှစ်ချောင်း...(မှန်ပါ့)၊သူ လမ်းမသွားဘူးလား...(သွားပါတယ်ဘုရား)၊ လမ်းသွားတော့ ဇာတိ ပဋိသန္ဓေချောက်ထဲမှာ ကျသွားတယ်...(မှန်ပါ့)၊ မကျဘူး လား...(ကျပါတယ်ဘုရား)။

ဇာတိက ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)၊ ပဋိသန္ဓေ ဝိညာဏ်လို့ မှတ်လိုက်ပါ...(မှန်ပါ့)။ ဒုက္ခသစ္စာ၊ ဝိညာဏ်၊ နာမ်ရုပ်ကကောဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)၊ သဠာယ တန...(ဒုက္ခသစ္စာပါဘုရား)...ဖဿ(ဒုက္ခသစ္စာပါ) ဝေဒနာ– –(ဒုက္ခသစ္စာပါဘုရား)၊ ဒါဖြင့် ပေါင်းလိုက်တော့ ခန္ဓာငါးပါးဟုတ်

မဟုတ်...(ဟုတ်ပါတယ်)၊ ဘာသစ္စာရတုံး...(ဒုက္ခသစ္စာရပါတယ်)။

ဩော်... ဒါဖြင့်အခုရတာလား၊ရှေးကမှားခဲ့လို့ရတာလား ဆိုတော့ အခုရတာလို့ဖြေ၊ ရှေးကမှားခဲ့လို့အခုရတာ...(မှန်ပါ့၊ အခုရတာပါ)၊ ပေါ်ပလား...(ပေါ်ပါပြီဘုရား)၊ ရှေးကအတိတ်ဘဝကမှားခဲ့လို့ သူ့မှာ အတိတ်အကြောင်း မပါဘူးလား...(ပါပါတယ်)။

## ဒီတရားကို နာထိုက်၊ မနာထိုက်

အတိတ်ကမှားခဲ့လို့ ပစ္စုပ္ပန်ဖြင့် တပည့်တော် လူခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာတွေ ရထားပါပြီဘုရားလို့ဆိုတာ လွဲသလား ...(မလွဲပါဘုရား)၊ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် အကန်းလမ်းသွားလို့ ဒုက္ခရောက်တာ...(မှန်ပါ့)၊ ပေါ်ကြပလား...(ပေါ်ပါပြီ)၊ ဘာတဲ့ဗျာ...(အကန်းလမ်းသွားလို့ ဒုက္ခရောက်တာပါဘုရား)၊ ဒါဖြင့် ဘုန်းကြီးတို့လို ပုဂ္ဂိုလ်ကမှ ဒီ ဒကာ၊ ဒကာမတွေကို မျက်လုံးဖွင့်မပေးတော့ပါဘူးဆိုရင် ဒီအကန်းချည်း လမ်းသွားနေမှာပဲ...(မှန်ပါ့)၊ မသွားပေဘူး လား...(သွားပါတယ်)၊သွားရင် ဒုက္ခချည်းရောက်မယ်...(မှန်ပါ့)၊ မရောက်ပေဘူးလား၊ရောက်မလား...(ရောက်ပါတယ်ဘုရား)။

အဲဒီတော့ ဒကာ၊ ဒကာမတွေဟာ ဒီတရားကို နာထိုက် မနာထိုက် စဉ်းစားပါတော့...(နာထိုက်ပါတယ်)၊ ဘုန်းကြီး ရှေ့မို့ ပြောရတယ်လို့ ဒီလိုလည်း မယူပါနဲ့။ နာထိုက်၊ မနာထိုက် ကိုယ်ပိုင်ဉာဏ်နဲ့သာ ဝေဖန်ပြီး နာပါ။

## နာနိုင်ပါစေဆိုတဲ့ ဘုန်းကြီးစေတနာ

ဘုန်းကြီးကတော့ အခလွတ် ဟောနေတာ၊ သဘောကျပလား...(ကျပါပြီဘုရား)၊ ဘုန်းကြီးစေတနာကို ပြောရလို့ရှိရင် အရှင်သာရိပုတ္တရာနဲ့ အတူတူပါပဲ။

အရှင်သာရိပုတ္တရာတို့၊ အရှင်မဟာကဿပတို့ ဟောတာက ပထမဦးစွာ နာနိုင်ပါစေဆိုတဲ့၊ ဒကာ၊ ဒကာမတို့ကို စိတ်ထဲတစ်နံပါတ်ထားတယ်၊ သဘောကျပလား...(ကျပါတယ်ဘုရား)၊ နှစ်နံပါတ်က နာတဲ့အတိုင်း သိပါစေဆိုတဲ့ နှစ်နံပါတ်စိတ်ထားနဲ့ ဘုန်းကြီးဟောနေတယ်။

## နာတဲ့အတိုင်း သိပါစေ

နာနိုင်ပါစေ တစ်နံပါတ်၊ နာတဲ့အတိုင်း သိပါစေဆိုတာက...(နှစ်နံပါတ် ပါဘုရား)၊ သိတဲ့တိုင်း ကျင့်နိုင်ပါစေဆိုတာက...(သုံးနံပါတ်ပါဘုရား)။

ဒါ ရည်ရွယ်ချက်သုံးခုနဲ့ ဟောနေတာ၊ ခင်ဗျားတို့ကို...(မှန်ပါ့)၊ ဘာမှမပါဘူး၊ ဒီပြင်တော့...(မှန်ပါ့)၊ ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

## သိတဲ့အတိုင်း ကျင့်နိုင်ပါစေ

တစ်နံပါတ်က ဘာတဲ့...(နာနိုင်ပါစေ)၊ နှစ်နံပါတ်က...(သိပါစေ)၊ သုံးနံပါတ်က သိပြီးတော့....(ကျင့်နိုင်ပါစေ)၊ ဒီရည်ရွယ်ချက်သုံးခုနဲ့ ဟောနေတာပါ...(မှန်ပါ့)။

ဒါတရားဟောတဲ့ ပုဂ္ဂိုလ်မှာဒီရည်ရွယ်ချက်သုံးခု မရှိလို့ရှိရင်

မဖြစ်ဘူးကွတဲ့၊ သဘောပါလား ဦးညွန့်ကြီး...(ပါ,ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးရည်ရွယ်ချက် ဒီနေ့ ဖော်လိုက်တာကော သဘောပါလား...(ပါပါတယ်)၊ ကောင်းပြီ။

ဒါဖြင့်ဒကာဒကာမတို့ပြောရတော့မယ်တဲ့၊ အတိတ်ဘဝက မသိတာအဝိဇ္ဇာ၊ ပြုလုပ်တာက သင်္ခါရ၊ ရတာက ဒုက္ခသစ္စာ၊ မစပ်ဘူးလား...(စပ်ပါတယ်ဘုရား)၊ ဒါဖြင့် ဒီအစပ်ကလေးဟာ ဒကာ၊ဒကာမတို့ သမုဒယသစ္စာနဲ့ စပ်ပေးလို့ပြောတာ။

ဒီမြားကလေးက သာမညမြား ထင်ကြသလား၊ ဒကာ၊ ဒကာမတို့...(မထင်ပါဘုရား)။

(ဤနေရာ၌ စက်ဝိုင်းကို ပြသည်။)

ဒီနှစ်ခုက ဘာသစ္စာတုံး...(သမုဒယနဲ့ဒုက္ခသစ္စာပါ)၊ဒီစပ်ပြတော့ ဘယ်သစ္စာနဲ့သွားစပ်တုံး...(ဒုက္ခသစ္စာနဲ့ သွားစပ်ပါတယ်)။

## တစ်ကိုယ်လုံးမှာ ဒီငါးခုရှိတယ်

ဟာ...ဒါဖြင့် မသိတဲ့ပုဂ္ဂိုလ်လမ်းသွားလို့ ဒုက္ခရောက်တတ်သည်၊ပေါ်ပလား...(ပေါ်ပါပြီ)။စာတွေမကြည့်ပါနဲ့၊ စာကြည့်ရင် ဒီလောက်မရှင်းဘူး၊ ရှင်းပ့ါမလား...(မရှင်းပါဘုရား)၊ ခင်ဗျားတို့မှာ ယခု စိတ်ဝိညာဏ်ကောရှိပါရဲ့လား...(ရှိပါတယ်ဘုရား)။

နာမ်နဲ့ရုပ်ကော ရှိပါရဲ့လား...(ရှိပါတယ်)၊ မျက်စိ၊ နား၊ နှာခေါင်း၊ ဇောစိတ်တွေကောရှိရဲ့လား...(ရှိပါတယ်)၊ဖဿဆိုတဲ့ အာရုံတွေ့ထိ ချင်တဲ့သဘောကော...(ရှိပါတယ်)၊ ဝေဒနာဆိုတဲ့ခံစားမှု သုံးပါးကော...(ရှိပါတယ်)။

ရှိပါတယ်)၊ သဘောပါလား…(ပါပါတယ်ဘုရား)။

ဒီငါးခုဘာသစ္စာတုံး…(ဒုက္ခသစ္စာပါ)၊ဩော်… ဒုက္ခသစ္စာ သူများပေးလို့ ရတာလား၊ မသိတဲ့ပုဂ္ဂိုလ်လမ်းသွားလို့ ရတာ လား…(မသိတဲ့ပုဂ္ဂိုလ် လမ်းသွားလို့ ရတာပါဘုရား)။

အေး–မြန်အောင်ဦးတင်တို့ မျက်မှန်တပ်ပြီးသေသေချာချာ ရှင်းရဲ့လား…(ရှင်းပါတယ်)၊ပေါ်ပလား…(ပေါ်ပါတယ်)၊ နောက် က ဒကာ၊ ဒကာမတွေကော ကြားကြရဲ့လား…(ကြားပါတယ် ဘုရား)၊ ဘုန်းကြီးကတော့ အော်ရပြီး မကြားမှာတော့ သိပ်စိုးရိမ် တယ်။

ကဲ…ဒါဖြင့် ဒကာ၊ဒကာမတို့၊ အခု ဒကာ၊ဒကာမတွေ နံပါတ် ၁–ထဲမှာလား၊ နံပါတ် ၂–ထဲမှာလား၊ အကဲခတ်စမ်း …(၂–ထဲမှာပါဘုရား)။

## လူချမ်းသာများ ပါသေးရဲ့လား

ဩော်–ဘာတွေနဲ့နေကြပါလိမ့်…(ဒုက္ခသစ္စာနဲ့ နေပါတယ် ဘုရား)၊ ဩော်…ဒီထဲလူချမ်းသာများ ပါသေးသလား…(မပါပါ ဘုရား)။

ဟ…အမွဲချည်းပဲလား…(မှန်ပါ့)၊ ဟုတ်ပါတယ်ဘုရားတဲ့၊ ဒုက္ခသစ္စာအမွဲပါ…(မှန်ပါ့)၊ ဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ်ဟာ အမွဲချည်းပဲ…(မှန်ပါ့)၊ ရိပ်မိပလား…(ရိပ်မိပါပြီဘုရား)။

အမွဲဆိုတာက ဘာမွဲတာတုံးဆိုတာ ခင်ဗျားတို့ စဉ်းစားကြည့် ပါတဲ့၊ သစ္စာမသိတော့ သူတော်ကောင်း ရတနာ ၇–ပါး ကိန်း ရဲ့လား…(မကိန်းပါ)၊မကိန်းရင် အမွဲတွေပေါ့ဗျ…(မှန်ပါ့ဘုရာ့)။

ဒါ အဖြေပေးတယ်လို့ အောက်မေ့လိုက်ပါ။ သူတော်ကောင်း ရတနာ ၇–ပါးမရှိရင် ဒကာ၊ ဒကာမတွေ ဘာတုံး...(အမွဲပါ ဘုရား)၊ အမွဲဆိုတာ ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

## သုပ္ပဗုဒ္ဓကို သိကြားကမေးတယ်

အို...သုပ္ပဗုဒ္ဓတို့ ထောက်ကြည့်၊ သေချာတယ်၊ မသေချာ ဘူးလား...(သေချာပါတယ်ဘုရား)၊ သုပ္ပဗုဒ္ဓကိုသိကြားက...

မင်း...အင်မတန်မွဲတယ်ကွ၊ သုပ္ပဗုဒ္ဓက သောတာပန်တည် သွားပြီ၊ မင်းအိမ် ရွှေတွေ ငွေတွေ လှည်းနဲ့ တိုက်ပို့မယ်ကွ၊ ဘုရားကို ဘုရားမဟုတ်ဘူး၊ တရားကို တရားမဟုတ်ဘူး၊ ပဋိစ္စ သမုပ္ပာဒ်ကို ပဋိစ္စသမုပ္ပာဒ် မဟုတ်ဘူးလို့ မင်းပြောလို့ရှိရင်ငါသည် ရွှေတွေ ငွေတွေ မင်းမွဲနေတဲ့အတွက် လှည်းနဲ့ တိုက်ပြီး ပို့မယ်လို့ သိကြားက မပြောဘူးလား...(ပြောပါတယ်ဘုရား)၊

အို...မင်းက ငါ့ကို လူမွဲထင်သလားတဲ့၊ ငါလူချမ်းသာ၊ သူတော်ကောင်းရတနာတွေ ငါ့မှာ အကုန်ရှိတယ်၊ ရိပ်မိပလား ...(ရိပ်မိပါပြီ)။

ဒါဖြင့် ခင်ဗျားတို့မှာ သူတော်ကောင်းရတနာက မင်္ဂမဆိုက် ဖူးသေးတော့ မစုံသေးဘူး...(မှန်ပါ့)၊ဒါဖြင့် ခင်ဗျားတို့ ဒီထဲ လာတာ လူချမ်းသာတွေလား၊ လူမွဲတွေလား...(လူမွဲ တွေပါ ဘုရား)။

## နှုတ်ခမ်းပဲ့ချင်း မီးမမှုတ်ပါနဲ့

တော်ပြီ မွဲမှန်းသိရင်တော်ပြီ၊ နို့မိုရင် တစ်ယောက်နဲ့ တစ်ယောက် မာစီဒီးတို့၊ ချက်ဘလက်၊ ဘဲ(လ်)အဲယားတို့နဲ့ ကြွားနေဦးမှာ၊ ခင်ဗျားတို့ ရိပ်မိပလား...(ရိပ်မိပါပြီ)။

အဲဒီတော့ အမွဲ–အမွဲချင်းဖြင့်နှုတ်ခမ်းပဲ့ချင်း မီးမမှုတ်ပါနဲ့ ဆိုတာကိုလည်း ဆုံးမပါတယ်...(မှန်ပါ့)၊ ဒုက္ခနဲ့နေရတာ အမွဲချည်းပေါ့ဗျာ...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီ)၊ သူတော်ကောင်းရတနာကော ကိန်းပလား...(မကိန်းသေးပါ)။

နိယာမ မြဲသောအားဖြင့် ကိန်းပလား...(မကိန်းသေးပါ)၊ မကိန်းသေးဘူးတဲ့၊ ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာကို အမွဲလို့ ဟောတာ ဒီသုပ္ပဗုဒ္ဓထောက် လိုက်ရင်လည်းအမွဲလို့ဆိုတာ မပေါ်ဘူးလား...(ပေါ်လာပါတယ်)၊ ပေါ်လာတော့ ပဋိသမ္ဘိဒါမဂ်ကလဲ အမွဲပါကွာတဲ့၊ သေသေချာချာ ဖွင့်တာပဲ...(မှန်ပါ)၊ ဒုက္ခသစ္စာဟာ သခင်ဝတင်မှာ ဖြစ်တဲ့ ဒုက္ခသစ္စာကို ကိုထွန်းအောင်က ကယ်နိုင်ရဲ့လား...(မကယ်နိုင်ပါ ဘုရား)။

ဒါဖြင့် တစ်ကိုယ်ရေတစ်ကာယကူမည့်–ယူမည့်သူ မရှိတဲ့ သဘောနဲ့နေရတာ၊ သဘောကျရဲ့လား...(မှန်ပါ့၊ ကျပါတယ် ဘုရား)။

## အိုတယ်နာတယ် ဘယ်သူက တားနိုင်သလဲ

ခင်ဗျားတို့ ဝေဒနာဖြစ်တယ်၊ အို တယ်နာတယ်ဘယ်သူက တားနိုင်သလဲ...(ဘယ်သူကမှ မတားနိုင်ပါဘုရား)။

တစ်ယောက် တစ်ယောက် မေတ္တာတော့ ရှိပါရဲ့ဗျာ၊ မတားနိုင်လို့ဆိုတာ လူတိုင်းမပြောဘူးလား…(ပြောပါတယ်)။

ဒါဖြင့် ဒုက္ခသစ္စာသမားဟာ အမွဲပဲ၊ အကူအညီကင်းမဲ့တယ် …(မှန်ပါ့)၊ ဆေးနဲ့ကုလို့ကော ရကြရဲ့လား…(မရပါဘုရား)၊ အိုမှုကိုလေ…(မရပါ)။

နာမှုကော…(မရပါဘုရား)။

သေမှုကော…(မရပါဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတွေ ဥတစ်လုံးတစ်ကောင်ကြွက်အမွဲ ဆိုတာပေါ်ပလား…(ပေါ်ပါပြီဘုရား)၊ ဒါဖြင့် ဒုက္ခသစ္စာဆိုတာ အမွဲသစ္စာပေါ်ကြပလား…(ပေါ်ပါပြီ)း၊ ဒုက္ခသစ္စာဆိုတာ… (အမွဲသစ္စာ)၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာက…

'ကပဏ ဇနသဒိသ ဒုက္ခဒဿနေန' လို့ ဖွင့်လိုက်တယ်၊ ကပဏဇနသဒိသ ဒုက္ခဒဿနေန၊ အထီးကျန် လူဆင်းရဲ အမွဲပါပဲ…(မှန်ပါ့)၊ ဘယ်သူ ကူနိုင်ကြသတုံး… (မကူနိုင်ပါ ဘုရား)၊ အမေကိုချစ်ပါသလား၊ အမေအိုတာ၊ အမေနာတာ၊ အမေသေတာ သားသမီးက တတ်နိုင်ရဲ့လား…(မတတ်နိုင်ပါ ဘုရား)။

ဒါဖြင့် တစ်ကောင်ကြွက်အမွဲ…(မှန်ပါ့)၊ ပေါ်ပလား… (ပေါ်ပါပြီ)၊ အဖေကို ချစ်ပါသလား၊ အဖေအိုတာ၊ နာတာ၊ သေတာကို သားသမီးက…(မတတ်နိုင်ပါဘုရား)၊ သားသမီးကို ချစ်ပါသလား၊ သားသမီးအိုတာ၊ နာတာ၊ သေတာကို အမေ၊ အဖေက…(မတတ်နိုင်ပါဘုရား)။

ဒါဖြင့် အထီးကျန်၊ တစ်ကောင်ကြွက်၊ အမွဲ…(မှန်ပါ)၊

ဘာသစ္စာတုန်း...(ဒုက္ခသစ္စာပါဘုရား)ပေါ်ပလား...(ပေါ်ပါပြီ ဘုရား)။

## ခန္ဓာကအမွဲမို့ အမွဲပြောတာ

အဲဒါ ခင်ဗျားတို့လို ငွေစက္ကူမပေါလို့ပြောတာ မဟုတ်ပါဘူး၊ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးက အမွဲမို့ အမွဲပြောတာ...(မှန်ပါ့)၊ ရိပ်မိပလား...(ရိပ်မိပါပြီ)၊ သုပ္ပဗုဒ္ဓထောက်လဲ အမွဲပဲနော်... (မှန်ပါ့)၊သဘောကျပလား...(ကျပါပြီ)၊ သူတော်ကောင်း ရတနာ မရှိရင် ဘာတုံး...(အမွဲပါဘုရား)။

ခန္ဓာကိုယ်ရှိနေရင်ကော...(မွဲပါဘုရား)၊ 'ကပဏ ဇနသ ဒိသဒုက္ခဒသနေန'လို့ သေသေချာချာဖွင့်ထားတယ်၊ ကိုင်း- ဒါဖြင့် ဒကာ၊ ဒကာမတို့ ယခု ဒီအထဲ လူချမ်းသာ ပါကြသလား တဲ့ ...(မပါပါဘုရား)။

## ဗိတာမင်များများသောက်ပါလား

အို...ဒီဘုန်းကြီးနဲ့ တွေ့ရတာ ကျက်သရေယုတ်ပါဘိလို့ အောက်မေ့ချင် အောက်မေ့နေမှာ မအောက်မေ့ပါနဲ့...တဲ့။

ဦးညွန့်ကြီး၊ အိုတာ ဘယ်သူတတ်နိုင်သတုံး-(မတတ်နိုင်ပါ ဘုရား)၊ ခင်ဗျားပစ္စည်းက ကူညီနိုင်ရဲ့လား...(မကူညီနိုင်ပါ ဘုရား)၊ဗိတာမင်များများသောက်ပါလားဗျ၊ ရရဲ့လား အိုမှုကို ...(မရပါဘုရား)၊ မရတော့ တပည့်တော်ဟာ လူဆင်းရဲအမွဲပါ ဘုရား...ဆိုထိုက်၊ မဆိုထိုက်...(ဆိုထိုက်ပါတယ်ဘုရား)။

ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာကိုခင်ဗျား

ဘို့က သုခသစ္စာလုပ်ချင်လို့ဖြစ်ပါ့မလား…(မဖြစ်နိုင်ပါဘုရား)၊ သစ္စာဆိုတာသည် ဒကာ၊ ဒကာမတို့ မဖောက်မပြန် မှန်တာကို ဆိုပါတယ်…(မှန်ပါ့ဘုရား)၊ ဘာကူညီလို့မှ မရဘူး ရပါ့မလား …(မရပါဘုရား)။

## သစ္စာဆိုတာ မဖောက်မပြန် မှန်တာ

မဖောက်မပြန် မှန်တာကို ဘာခေါ်ကြမလဲ…(သစ္စာလို့ ခေါ်ပါတယ်)၊ သစ္စာဆိုတော့ ခင်ဗျားတို့ ယခုအတိတ်ဘဝက မသိဘဲနဲ့ မျက်စိကန်းလမ်းသွားလို့ ဒီမှာလဲတဲ့ ကိစ္စကြီးနဲ့နေတဲ့ဥစ္စာ ဟောဒါက လဲတာ၊ သဘောကျပလား…(မှန်ပါ့)။

ဟောဒါက…အနာတွေပေါက်တာ…(မှန်ပါ့)။

ဟောဒါက…ပြည်တွေတည်နေတယ်…(မှန်ပါ့)။

စာကဆိုထားတယ်။ ဒါက ပြည့်တည်တာနော်…(မှန်ပါ့)၊ ပြည်တည်နေတဲ့ အနာတွေကို ဟောဒါက ဆူးတွေဝိုင်းပြီးစူးတာ ဖသကာ…(မှန်ပါ့)။

(ဤနေရာ၌ စက်ဝိုင်းကိုပြ၍ ဟောသည်။)

အဲဒီမှာ ဝေဒနာသုံးပါးပေါ်တယ်…(မှန်ပါ့)၊ကိုင်း…လူ ချမ်းသာလား၊ လူဆင်းရဲလား ပြောကြစမ်း…(လူဆင်းရဲပါဘုရား)၊ သေချာပလား…(သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတွေ မသိတဲ့ ပုဂ္ဂိုလ် လမ်းသွားရင် ဆင်းရဲအတိ ဧကန်ဖြစ်မှာကြောင့် ဒုက္ခသစ္စာပေါ်ကြပလား… (ပေါ်ပါပြီဘုရား)၊ ဘာသစ္စာတဲ့…(ဒုက္ခသစ္စာပါဘုရား)၊ ရှင်းကြ ပလား…(ရှင်းပါပြီ)။

ဖြီးလိမ်းပြုပြင်ပြီးထားငြားသော်လဲ ဒကာ၊ဒကာမတို့ အိုမှု၊ နာမှု၊ သေမှု ရပ်ရဲ့လား...(မရပ်ပါဘုရား)၊ ဖြီးရင်းမတွေ့ပဲ တစ်ခါတည်း ချွေးတွေ ထွက်လာတယ်...(မှန်ပါ့)၊ လိမ်းရင်း မတွေ့ပဲ ဒကာ၊ ဒကာမတွေ တစ်ခါတည်း အိုတတ်တာတွေ မလာဘူးလား...(လာပါတယ်ဘုရား)။

အတွင်းက မီးလောင်တော့ တစ်ခါတည်းချွေးတွေက ဆူထွက်လာတယ်...(မှန်ပါ့)၊ ပြင်လို့ဆင်လို့များ ပြီးကြသေးရဲ့ လား...(မပြီးပါဘုရား)၊ ပြင်တိုင်း ဆင်တိုင်း မပျက်ဘူးလား ...(ပျက်ပါတယ်ဘုရား)။

## အနှိပ်စက်ခံရခြင်းကြောင့် ဒုက္ခသစ္စာ

အဲဒီကတည်းက နှိပ်စက်တဲ့အနှိပ်စက်ခံရခြင်းကြောင့် ဒုက္ခသစ္စာ...(မှန်ပါ့)၊ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)၊ ဒုက္ခ သဘာဝပီဠနဋ္ဌောကို ဟောပြန်တယ်...(မှန်ပါ့)၊ သင်္ခတဋ္ဌောတဲ့ ခဏခဏပြုပြင်ရသောကြောင့်လဲခင်ဗျားတို့ ယခု ၂-နံပါတ်ထဲမှာ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

ပြုပြင်တာက တော်တော်နေစောင်းရပြန်ပြီ၊ ဒကာဒကာမတို့ တရားနာနေတာ ခဏကလေးထိုင်လိုက် ဟိုဘက်စောင်းလိုက်တာ ဘာဖြစ်လို့တုံး...(ဒုက္ခကြောင့်ပါ)၊ ဒီဘက်ပြန်လှည့်လာတာက ကောဘာဖြစ်တာတုံး...(ဒုက္ခကြောင့်ပါဘုရား)၊ ရေထသောက်ချင် တာကကော...(ဒုက္ခကြောင့်ပါဘုရား)၊ကျင်ကြီးကျင်ငယ်စွန့်ချင် လို့ အောင့်နေရတာကကော...(ဒုက္ခကြောင့်ပါဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ ဘယ်အချိန်က သုခပါသတုံးမေးရင်...(မပါ,ပါ

ဘုရား)။

## တရားနာတဲ့ကာလကို ဒုက္ခသစ္စာ

ဒါဖြင့် ယခု၁–ထဲမှာနေသလား၊ ၂–ထဲမှာနေသလား… (၂ထဲမှာနေပါတယ်ဘုရား)၊ဘာသစ္စာနဲ့နေရသတုံး…(ဒုက္ခသစ္စာနဲ့ နေရပါတယ်)၊ ဘယ်ကာလပါလိမ့်…(ပစ္စုပ္ပန်ကာလပါ)၊ ဟော …တရားနာနေတဲ့ကာလကို ဒုက္ခသစ္စာ…(မှန်ပါ့)၊ ပေါ်ကြပလား …(ပေါ်ပါပြီ)၊ တရားနာနေ်ရင်း ခင်ဗျားတို့ ခန္ဓာကြီး ဘာသစ္စာ တုံး…(ဒုက္ခသစ္စာပါဘုရား)၊ ဒါဖြင့် နေရာကျပြီတဲ့ သစ္စာသိပြီ။

ဒီထဲက စိတ်ပေါ်လဲဘာသစ္စာတုံး…(ဒုက္ခသစ္စာပါဘုရား)၊ အင်း…ဖဿဝေဒနာပေါ်လဲ…(ဒုက္ခသစ္စာပါ)၊ မြင်စိတ်၊ ကြား စိတ်၊ မြင်ရုပ်၊ ကြားရုပ်တွေပေါ်ရင်ကော…(ဒုက္ခသစ္စာပါဘုရား)။

မြင်စိတ်တွေပေါ်ရင်…(ဒုက္ခသစ္စာပါဘုရား)။

တွေ့တာတွေပေါ်ရင်ကော…(ဒုက္ခသစ္စာပါဘုရား)။

ခံစားတာတွေပေါ်ရင်ကော…(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ခင်ဗျားတို့ ပြုလုပ်ချက်ကဖြင့် အတိတ်ဘဝက ခင်ဗျားတို့၏ ဆိုးဝါးမှုသည် ယခုတော့ ခံကြ ပေတော့၊သဘောကျပလား…(ကျပါပြီ)၊ အတိတ်ဘဝက ခင်ဗျား တို့မသိဘဲနဲ့ လမ်းသွားခဲ့ကြတယ်…(မှန်ပါ့)၊ သဘောကျပလား …(ကျပါပြီ)။

ယခုတော့ လဲမှု၊ အနာရမှု၊ ပြည်တည်မှု၊ ဆူးထိုးခံမှု၊ ဝေဒနာမျိုးစုံရမှုနဲ့ ကြုံပြီ ပေါ်ကြပလား…(ပေါ်ပါပြီဘုရား)၊

ဒါဖြင့် ဘာသစ္စာတုံး…(ဒုက္ခသစ္စာပါဘုရား)၊

ဒုက္ခသစ္စာ၊ အနာရတော့ကော...(ဒုက္ခသစ္စာ)၊ ပြည်တည်တော့ကော...(ဒုက္ခသစ္စာ)၊ အနာပြည့်တည်နေတုန်း ဖသာတည်းဟူသော ဆူးတွေက ထိုးပြန်တော့...(ဒုက္ခသစ္စာပါဘုရား)။

## ဝေဒနာ လှည့်ခံနေရတယ်

ဆူးထိုးတော့ အနာတွေကကြွပြီး ရွလာပြန်တော့ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါ)၊ ဟော...ဝေဒနာတွေပေါ်လာတယ်...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီ)၊ ခင်ဗျားတို့ ဝေဒနာဟာ လှည့်ခံမနေရဘူးလား...(ခံနေရပါတယ်)၊ ဆာတုန်းကော ဆာတဲ့ ဝေဒနာနဲ့ ခံနေရတယ်...(မှန်ပါ့)၊ ဆာတုန်းကတော့ ဘာတဲ့...(ဆာတဲ့ဝေဒနာနဲ့ခံနေရပါတယ်)၊ ဝပြန်တော့ကော...(ဝတဲ့ဝေဒနာတွေ ခံနေရတယ်)၊ ခက်ပြီကိုး၊ ခင်ဗျားတို့ဟာ ဆာပြန်တော့ ဆာနာပေါက်တယ်။

ဝပြန်တော့ကော (ဝနာပေါက်တယ်)၊ဘယ်မှာတုံးခင်ဗျားတို့ ချမ်းသာတဲ့အချိန်ပြောပါဦး...(မရှိပါဘုရား)။

အဲဒါ ဒကာ၊ဒကာမတွေသည် ခဏခဏ ဆေးကုနေရတယ် ဆိုကတည်းက အဝတ်နဲ့ ဆေးကုရတယ်...(မှန်ပါ့၊သဘောကျပလား...(ကျပါတယ်)၊ အဝတ်တွေ ချုပ်ပြီးတော့ ဆေးမကုဘူးလား...(ကုပါတယ်ဘုရား)။

## အဝတ်ဝတ်တာဟာ ပတ်တီးစည်းတာ

ခင်ဗျားတို့ အခုဝတ်လာတာဘာထည်ဖြစ်ဖြစ် ပတ်တီးစည်းလာတာမှတ်ပါ...(မှန်ပါ့)၊ ရိပ်မိပလား...(ရိပ်မိပါပြီ)၊ ဘာထည်

ဝတ်လာတာ ဘာတုံး...(ပတ်တီးစည်းလာတာပါဘုရား)။

ဘာဖြစ်လို့ စည်းရသတုံး...မစည်းရင် ဒုက္ခရောက်မယ် ...(ရောက်ပါ့မယ်ဘုရား)၊ သဘောကျပလား...(ကျပါပြီဘုရား)၊ ပတ်တီးစည်းတော့ လေတိုက်နေတိုက်ကလေး မသက်သာဘူးလား...(သက်သာပါတယ်ဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ပင်ကိုက ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာ ဘယ်သူကပြောသတုံးဆိုတော့အဝတ်–ဝတ်တာကပြောတယ်...(မှန်ပါ့)၊ ပတ်တီးစည်းတာက ပြောတယ်...(မှန်ပါ့)၊ သဘောကျပလား...(ကျပါတယ်)၊အကောင်းဖြစ်ရင် စည်းဖို့ လိုသေးသလား...(မလိုပါဘုရား)၊ ရှင်းကြပလား...(ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ အဝတ်တွေကလဲ ပတ်တီးစည်းသောကြောင့် ဒုက္ခသစ္စာနော်...(မှန်ပါ့)၊ ဒီကျတော့ကို...တဲ့၊ ချိုချဉ်အစ ရှိသည် စားရပြန်တာကလည်း ခန္ဓာကိုယ်က ဆာတဲ့အနာက မပေါက်လား...(ပေါက်ပါတယ်ဘုရား)။

ပေါက်တဲ့အခါကျတော့ အဲဒီဆေးတွေကော ဆောင်ခဲ့ရသလား...(ဆောင်ခဲ့ရပါတယ်)၊ လျက်ဆားပုလင်းကလေးအစ ချိုချဉ်ကလေးအစ ဆောင်ခဲ့ရတယ်...(မှန်ပါ့)၊ မဆောင်ရဘူးလား ...ဆောင်ရသလား...(ဆောင်ရပါတယ်ဘုရား)၊ ဘာဖြစ်လို့တုံး၊ အနာက ရောက်ရာပေါက်မယ်ဘုရာ့–(မှန်ပါ့) သဘောပါပလား ...(ပါ,ပါပြီ)၊ အနာက ဘာတဲ့...(ရောက်ရာပေါက်မှာပါဘုရား)။

## ဆေးနဲ့ ကင်းလို့ရတဲ့အချိန် ပြောစမ်းပါ

ရောက်ရာပေါက်ဖို့ ဆေးနဲ့ကင်းပြီး လာခဲ့ရသလား၊ ဆေးကို လွယ်ခဲ့ရသလား...(ဆေးကိုလွယ်လာရပါတယ်)၊ ကိုယ့်ဆေးနဲ့ ကိုယ်ပေ့ါဗျာ...(မှန်ပါ့)၊ သဘောကျပလား...(ကျပါတယ်)။

နို့...ဆေးနဲ့ကင်းလို့ရတဲ့ အချိန်ပြောစမ်း...(မရှိပါဘုရား)၊ ဒကာ၊ဒကာမတွေ ဆေးနဲ့ကင်းလို့ရတဲ့အချိန်...(မရှိပါဘုရား)၊ ဆာရင် အဆင်သင့်၊ 'ဆာ'နာပေါက်ရင် ကုဖို့ အဆင့်သင့်၊ 'ဝ'နာပေါက် အစာကြေတဲ့ ဆေးစားဖို့ အဆင်သင့်...(မှန်ပါ့)၊ မဟုတ်ဘူးလား...(မှန်ပါ့)။

ညောင်းရင်ဆန့်ဖို့ အဆင်သင့်ကော မလုပ်ရဘူးလား...(လုပ်ရပါတယ်)၊ ဒါဖြင့် ဆန့်နေရာက ညောင်းနာပေါက်လာရင် ကွေးဖို့ရာ အဆင်သင့်ကော...(လုပ်ရပါတယ်)။

ဒါဖြင့်ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးဟာ ဘယ်အချိန်အနာကင်းသတုံး...(မကင်းပါဘုရား)၊ ဒါဖြင့်ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)၊ ပေါ်ပါပြီ၊ တော်တော်ပေါ်လာပြီ...(မှန်ပါ့)၊ မပေါ်သေးဘူးလား...(ပေါ်ပါပြီဘုရား)။

## ဒီတိုက်ကြီးဟာ ဆေးရုံကြီး

ဒီတိုက်ကြီးဟာဘာထင်ကြသတုံး၊ ခင်ဗျားတို့ ပြောကြစမ်းပါဦး...ဆေးရုံကြီး၊ဒီတိုက်ကြီးဟာဘာထင်ကြတုံး...(ဆေးရုံကြီးပါဘုရား)။

ခင်ဗျားတို့က ဒီတိုက်ကြီးဟာ တော်တော်ကြီးကျယ်တယ်၊

ဒီလိုများဘယ်တော့ နေရပ့်ါမတုံးဆိုတော့ ဒီဆေးရုံမှာ ဘယ်တော့ ကုရပ့်ါမတုံးပြောတာနဲ့ အတူတူပဲ...(မှန်ပါ့)၊ ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဒီလေတွေ လုံအောင် ကာရတာက ဒီအိမ်သားတွေ ကျန်းမာဖို့...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီ။ လေလုံအောင် မကာလိုက်ရင် ဒီအိမ်သားတွေ ဘယ့်နှယ်နေမလဲ... (မကျန်းမာပါဘုရား)။

## ဆန်အိတ်တွေ၊ ဆီပုံးတွေက ဆေးတွေ

ဒါဖြင့် ဒီဥစ္စာကျန်းမာမှုဆေးရုံ ဟုတ်ရဲ့လား...ဒီမှာထားတဲ့ ဆန်အိတ်၊ ဆီပုံးတွေက ဆေးတွေ၊ ဒကာ၊ဒကာမတွေ ဒီအိမ်သား တွေ အကုန်ကုဖို့ထားတာ...(မှန်ပါ့)၊ သဘောကျပလား... (ကျပါပြီ)၊ ဒါဖြင့် ဒီအိမ်ကြီးက ဆေးရုံ၊ ဝယ်ခြမ်းထားတာတွေ က...(ဆေးတွေ)။

## အထည်အလိပ်တွေက ပတ်တီးတွေ

ဆေးတွေ၊ အထည်အလိပ်တွေကပတ်တီး...(မှန်ပါ့ဘုရား) ရိပ်မိပလား...(ရိပ်မိပါပြီ)၊ မောင်ဆွေတင်က ရယ်တယ်ကွ၊ ဒီအတိုင်းဖြစ်တာပဲကွ၊ ရုပ်မနေနဲ့၊ သဘောပါလား...(ပါပါပြီ ဘုရား)။

ဒါဖြင့် ဒကာ၊ဒကာမတွေခန္ဓာကိုယ်ဘာသစ္စာတုံး...(ဒုက္ခ သစ္စာပါဘုရား)၊ ဒုက္ခသစ္စာမို့ အခြေအရံ ဘယ်လောက်လုပ်ရ

တွေဟာဘာတုံး ဒကာ၊ ဒကာမတို့...(စုံလို့ပါဘုရား)။

ဒီဟာတွေဆွဲထားတာ၊ ဒါတွေဆွဲထားတာကလဲ ဒကာ ဒကာမတွေမျက်လုံးကုရတာ...(မှန်ပါ့)၊ မျက်လုံးတင့်တယ်အောင်လို့ ဟိုဘက်ကနေပြီးသကာလ အမှုန်ဓာတ်တွေ မဝင်အောင်လို့ မျက်လုံးကုတဲ့ ဆေးတွေကော ပါကြရဲ့လား...(ပါ,ပါတယ်)၊ နားကုတဲ့ဆေးတွေကော...(ပါ,ပါတယ်)။

## အနာပေါက်လို့ မျက်မှန်တပ်တာ

ခင်ဗျားတို့ မျက်မှန်တပ်လာတာကြည့်၊ အနာပေါက်လို့ တပ်တာလား၊ ရိုးရိုးအလှတပ်တာလား၊ ပြောကြစမ်းပါ... (အနာပေါက်လို့ တပ်တာပါဘုရား)။

အမယ်လေး ကြောက်စရာကြီးပါလား၊ ဒီအထဲမှာ မျက်မှန်သမားကလဲ မနည်းလှဘူး၊ ကိုင်း...ဒါဖြင့် ဒကာ၊ ဒကာမတို့ ကိုယ်စိကိုယ်င အနာဆိုတာ ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

## ကိုယ်စိကိုယ်ငအနာနဲ့

ဟော့...မောင်ဆွေတင်၊ ကိုယ်စိကိုယ်င အနာဆိုတာ ပေါ်ပလား၊ မင်းတို့စောင်းဟောနေတယ်လို့ အောက်မေ့မနေနဲ့ကွ၊ ကိုယ်စိကိုယ်ငအနာနဲ့(မှန်ပါ့)၊ ရိပ်မိပလား...(ရိပ်မိပါပြီ)။

ဒါဖြင့် ဘာသစ္စာတွေစုပြီးဒီနေရာလာကြပါလိမ့်...(ဒုက္ခသစ္စာစုပြီး လာတာပါဘုရား)။

သြော်...ဘယ့်နှယ်ကြောင့် ဒီဒကာ၊ဒကာမတွေနဲ့ ဒီဆရာသမားနဲ့ လာတွေ့ပါလိမ့်မလဲဆိုတော့ ဘုန်းကြီးကလဲ အကန်း

လမ်းသွားလို့ ဒီခန္ဓာငါးပါးကြီးနဲ့ လာဆုံကြတယ်။ ဒုက္ခသည် ချင်း ကူနေတာ...(မှန်ပါ့)၊ ရိပ်မိပလား...(ရိပ်မိပါပြီ)။

ဘုန်းကြီးက အထွတ်အထိပ်က မထားပါဘူး...(မှန်ပါ့)၊ ထားလို့ကောဖြစ်ရဲ့လား...(မဖြစ်ပါဘုရား)၊ ခင်ဗျားတို့ကလဲ အကန်းလမ်းသွားလို့ လဲကြ၊ကွဲကြတယ်ဟုတ်လား...(မှန်ပါ့)။

ဘုန်းကြီးကလဲ အကန်းလမ်းသွားလို့ ခန္ဓာကြီးက လဲတဲ့ ကွဲတဲ့ ခန္ဓာကြီးပဲမရဘူးလား...(ရပါတယ်)၊ အဲဒီတော့ နှုတ်ခမ်း ပဲ့ချင်း မီးမှုတ်နေတာလို့မှတ်၊ ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

## ဘုန်းကြီးကလဲ ဒုက္ခသစ္စာနဲ့ ဟောနေတာ

ဘုန်းကြီးကလဲဒုက္ခသစ္စာနဲ့ဟောနေတာ–(မှန်ပါ့)၊ ခင်ဗျား တို့ကကော...(ဒုက္ခသစ္စာနဲ့ နာနေတာပါ)၊ ပေါ်ကြပလား... (ပေါ်ပါပြီ)၊ဒါဖြင့် သဗ္ဗေ သင်္ခါရာ ဒုက္ခာဆိုတာ ပေါ်ပြီ... (မှန်ပါ့)။

ခင်ဗျားတို့ ရထားတာဘာတဲ့...(သဗ္ဗေ သင်္ခါရာ ဒုက္ခာ)၊ မပေါ်သေးဘူးလား...(ပေါ်ပါပြီဘုရား)၊ အလကားသာ ရွတ်နေ တာခင်ဗျားတို့ ကိုယ့်ကိုယ်ကိုကြည့်ပြီးတော့ ရွတ်တာမဟုတ်ဘဲ ဒီကရှေ့ ဘယ်လိုရွတ်ကြမလဲ...(ကိုယ့်ကိုယ်ကိုကြည့်ပြီးတော့ ရွတ်ပါ့မယ်ဘုရား)။

ဒကာ၊ ဒကာမတွေ ဘယ်လိုရွတ်မလဲ...(ကိုယ့်ကိုယ်ကို ကြည့်ပြီးတော့ရွတ်ပါ့မယ်)၊ ကိုယ့်ကိုယ်ကို ကြည့်ရွတ်ရမယ်။

ခင်ဗျားတို့က ဩော်...လူတစ်ယောက်သေရင်အဲ...အနိစ္စ ကိုးကွ၊ ကိုယ်ကနိစ္စလုပ်ထားတယ်၊ မလွဲဘူးလား...(လွဲပါတယ်)၊

သူသေပြန်ပြီဆို အို…အနိစ္စခန္ဓာကိုယ် ဘယ်လွတ်မလဲကွဆိုတော့ ကိုယ့်ကိုယ်တော့ စဉ်းစားမိရဲ့လား…(မစဉ်းစားမိပါဘုရား)။

အင်း…သူတော့သေပေါ့၊တို့ကတော့ဖြင့် မသေသေးဘူး၊ ဒီလိုမလာဘူးလား…(လာပါတယ်)၊ ကိုယ့်ဒုက္ခသစ္စာ ကိုယ်မြင်ရဲ့ လား…(မမြင်ပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့ကို ရှင်းရှင်းပဲပြောပါတယ်၊ အခု တရားနာနေကြတဲ့ ဒကာ၊ ဒကာမတွေဟာ လွတ်လွတ်လပ်လပ် တရားနာနေတာလား၊ ဇရာ ဗျာဒိက နောက်က ရိုက်နှက်ပြီး သုသာန်ပို့ရင်း နာရတာလား…(သုသာန်ပို့ရင် နာရတာပါ ဘုရား)။

## ဘုန်းကြီးက သုသာန်သွားရင်း ဟောနေတာ

ဘုန်းကြီးကလဲဘယ်နေရာတရားဟောနေပါလိမ့်၊ ဘုန်းကြီး ကလဲ သုသာန်သွားရင်ဟောနေတာ၊ ရိပ်မိပလား…(ရိပ်မိပါပြီ)၊ ခင်ဗျားတို့က ဘယ်သွားရင်း နားနေတာလဲ…(သုသာန်သွားရင်း နာနေတာပါ)။

အဲဒါသိမှ ဒုက္ခသည်မှန်းသိမှာ…(မှန်ပါ့)၊ သဘောပါလား …(ပါ,ပါတယ်)။

ဘုန်းကြီးက ဘယ်သွားရင်း တရားဟောနေတာပါလိမ့် …(သုသာန်သွားရင်း တရားဟောပါတယ်)၊ ခင်ဗျားတို့ဘယ် အချိန် တရားနာကြလဲ…(သုသာန်သွားရင်း နာပါတယ်ဘုရား)။

### သုသာန်နဲ့ နီးလာပြီ

ရုပ်လို့များ ရကြရဲ့လား…(မရပါဘုရား)၊ တစ်နာရီထက် တစ်ရာရီ သုသာန်နဲ့ မနီးဘူးလား…(နီးပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးဟာ ဇရာ မရဏတွေက အမြဲ၊ ဇရာဗျာဓိက အမြဲရိုက်ထုတ်နေလို့ သုသာန်နဲ့ နီးတာ …(မှန်ပါ)၊ မနီးဘူးလား…(နီးပါတယ်ဘုရား)။

ဒါဖြင့် အနှိပ်စက်ခံရသောကြောင့် ဘာသစ္စာတုံး… (ဒုက္ခသစ္စာပါဘုရား)၊ ပေါ်ပြီလား…(ပေါ်ပါပြီဘုရား)၊ တော်တော်ပေါ်လာပြီ…(မှန်ပါဘုရား)။

သခင်ဝတင်၊ ပေါ်ပလား…(ပေါ်ပါပြီဘုရား)၊ အနှိပ်စက် ခံရသောကြောင့်…(ဒုက္ခသစ္စာပါဘုရား)၊ ကျုပ်တို့ယခု ဒီအထဲမှာ နေကြတယ်၊ ဇရာဗျာဓိက ဒကာ၊ ဒကာမတို့ မနှိပ်စက်ဘူးလား၊ နှိပ်စက်သလား…(နှိပ်စက်ပါတယ်ဘုရား)။

ဒါဖြင့် နှိပ်စက်ခံရင်းတရားနာနေရသောကြောင့် ဒီခန္ဓာကြီး ဘာသစ္စာလဲ…(ဒုက္ခသစ္စာပါ)။

ဘုန်းကြီးကလဲနှိပ်စက်ခံရင်း မတ္တာနဲ့ နည်းလမ်းပေးနေ သောကြောင့် ဘုန်းကြီးခန္ဓာလဲ ဘာသစ္စာတုံး…(ဒုက္ခသစ္စာပါ ဘုရား)။

### ၁။ ပီဠနဋ္ဌောဆိုတာ

ဒါဖြင့် 'ဒုက္ခသ ပီဠနဋ္ဌော'ဆိုတာ ပေါ်လာတယ်… (ပေါ်လာပါတယ်)၊ မပေါ်သေးဘူးလား…(ပေါ်ပါတယ်ဘုရား)၊ ဒုက္ခဿ၊ ဒုက္ခသစ္စာ၏။ ပီဠနဋ္ဌော၊ **သတ္တဝါကို ညှာတာမဖက်**

အမြဲနှိပ်စက်သော သဘောသည်လည်းကောင်းဆိုတာ မပေါ်သေးဘူးလား…(ပေါ်ပါတယ်)၊ ဘုရားကိုကော ငဲ့ရဲ့လား…(မငဲ့ပါဘုရား)။

ဘုရားက နေပူဆာလှုံနေတော့အရှင်အနန္ဒာက 'အရှင်ဘုရားတယ်ကြည်ညိုဖွယ်ကောင်းတဲ့ ခန္ဓာကြီးတောင် အရေတွေတွန့်ကုန်ပြီဘုရား့' ပြောတာ…(မှန်ပါ့)၊ မပြောဘူးလား…(ပြောပါတယ်ဘုရား)။

## ဒုက္ခသစ္စာက ဒုက္ခသစ္စာပြောမှာပဲ

အဲဒီပြောတဲ့အချိန်ကျတော့ အာနန္ဒာ…ဇရာ ဗျာဓိဒဏ်ဟာဘယ်သူမှ မလွန်ဆန်နိုင်ဘူးကွ၊ ဒုက္ခသစ္စာက ဒုက္ခသစ္စာပြောမှာပဲကွ…(မှန်ပါ့)၊ မင်းဘာမှ တွေးတောမနေနဲ့လို့ ဘုရားကပြန်မဟောဘူးလား…(ဟောပါတယ်)။

ကဲ…ဒါဖြင့်ရိပ်မိကြပလား…(ရိပ်မိပါပြီဘုရား)၊ဒါကြောင့်ဒီအထဲမှာ ဒကာ၊ ဒကာမတို့ အရိုက်အနှက် လွတ်လပ်နေတဲ့ဒကာ၊ ဒကာမများ ပါသေးသလား…(မပါ,ပါဘုရား)၊ ရိုက်နှက်လျက်နဲ့ အရိုက်အနှက်ခံရင်း တရားနာနေရတာ…(မှန်ပါ့ဘုရား)။

ဇရာကရိုက်လျက်၊ ဗျာဓိကကော…(ရိုက်လျက်ပါဘုရား)၊ မယုံလို့ရှိရင် ဘုန်းကြီး လက်တွေ့ပြမယ်၊ ခင်ဗျားတို့ခန္ဓာကိုယ်စမ်းကြည့်ပူသေးတယ်…(ပူပါတယ်)၊ အဲဒါ မီးလောင်နေတာ…(မှန်ပါ့ဘုရား)။

## ဇရာမီးက နှိပ်စက်နေတာ

ဇရာမီးက လောင်ပြီး ပြောင်အောင်လုပ်နေတာ သူနှိပ်စက်နေတာ ပေါ်ပလား...(ပေါ်ပါပြီ)၊ မယုံလက်နဲ့စမ်းပါ...(မှန်ပါ့)၊ ဒကာ၊ဒကာမတွေ ကိုယ့်ကိုယ်ပဲရင်ဘတ်စမ်းကြည့်စမ်း နွေးကြရဲ့လား...(နွေးပါတယ်ဘုရား)။

နွေးတယ်ဆိုတာသည် ကြာတော့ကို ဒကာ၊ ဒကာမတို့ ပြင်းထန်မလာဘူးလား...(လာပါတယ်ဘုရား)၊ ပြင်းထန်လာတော့ ဒီနွေးတဲ့ ဇောဆိုတဲ့ မီးသည် ဘယ်သူ့လောင်သတုံး မေးရင် ဘယ့်နှယ်ပြောမလဲ...(ခန္ဓာကိုယ်လောင်ပါတယ်ဘုရား)၊ ဘယ်အချိန်ရပ်သတုံး...(မရပ်ပါဘုရား)။

ဒါကြောင့် ဇရာဗျာဓိတွေက အမြဲနှိပ်စက်ခံရသောကြောင့် ရထားတဲ့ ပစ္စုပ္ပန်ခန္ဓာကို ဘာသစ္စာဖွဲ့မလဲ...(ဒုက္ခသစ္စာဖွဲ့ပါမယ်)၊ မပေါ်သေးဘူးလား...(ပေါ်ပါပြီ)၊ ပေါ်ပြီဆိုတာ ရှင်းကြပလား ...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒုက္ခသ ပီဠနဋ္ဌောဆိုတဲ့ အဓိပ္ပာယ်က ဒါကိုသိမှ ဖြစ်မှာကိုးဗျ...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီ)၊ ကောင်းပြီ။

ဒါဖြင့် ဒကာ၊ဒကာမတို့ သခ်တဋ္ဌောလေးချက်ပြောလိုက်မယ်၊ ဒါကိစ္စဉာဏ်နော်...(မှန်ပါ့)၊ အနှိပ်စက်ခံရတာသိရင် အနှိပ်စက်ခံရတာက ခန္ဓာ၊ သိတာကဉာဏ်...(မှန်ပါ့)၊အနှိပ်စက်ခံရခြင်းကိစ္စကို သိလို့ရှိရင် ဉာဏ်မဖြစ်ဘူးလား...(ဖြစ်ပါတယ်ဘုရား)၊ ဒါဖြင့် ခန္ဓာက အနှိပ်စက်ခံရတဲ့ကိစ္စ၊ နှိပ်စက်ခံရမှုကို သိတာက ဉာဏ်...(မှန်ပါ့)။

## ကိစ္စဉာဏ်ပေါ်နေတာ

ဒါဖြင့် ကိစ္စနဲ့ဉာဏ်နဲ့ပေါင်းရင်...(ကိစ္စဉာဏ်ပါဘုရား)၊ ခင်ဗျားတို့က ဘာပေါ်နေတယ်လို့ အစကမသိဘူး၊ ပျော်စရာ ပြောနေတယ် အောက်မေ့နေတယ် ဘယ်ဟုတ်မလဲ၊ ကိစ္စဉာဏ် ပေါ်နေတာ...(မှန်ပါ့)၊ ရိပ်မိကြပလား...(ရိပ်မိပါပြီ)။

ဘယ်ဉာဏ်ပေါ်နေသလဲ...(ကိစ္စဉာဏ်ပေါ်နေပါတယ် ဘုရား)။ကိစ္စဉာဏ်ပေါ်နေတယ်ဆိုတာ သဘောကျပလား... (ကျပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ခန္ဓာကိုယ်ကြီးမှာ ဒကာ၊ ဒကာမတို့ ဇရာဗျာဓိက မနှိပ်စက်တဲ့ပုဂ္ဂိုလ် ဘယ်အချိန် မနှိပ်စက်ဘူးလို့ ဒီအထဲမှာ ပြောနိုင်တဲ့ပုဂ္ဂိုလ်ပါရဲ့လား...(မပါ,ပါဘုရား)။

အမြဲတမ်း နှိပ်စက်ခြင်း မခံရဘူးလား...(ခံရပါတယ် ဘုရား)၊ ဒါဖြင့် အနှိပ်စက်ခြင်း ခံခြင်းကိစ္စသည် ဒီခန္ဓာငါးပါးမှာရှိ မရှိ...(ရှိပါတယ်ဘုရား)။

## အနှိပ်စက်ခံရခြင်း ကိစ္စကိုသိပေး

ဒါဖြင့်ခန္ဓာငါးပါး၏ကိစ္စဟာ ဘာကိစ္စတုံးမေးရင်ဘယ့်နှယ် ဖြေကြလဲ...(အနှိပ်စက်ခံရတဲ့ ကိစ္စပါ)၊ အနှိပ်စက်ခံရခြင်းကိစ္စ ကို ဒီက ဉာဏ်က သိပေးပါ၊ သဘောကျပလား...(ကျပါပြီ ဘုရား)။

ဉာဏ်က ဘာလုပ်ရမယ်...(သိပေးရပါမယ်)၊ဒီနေ့ကိစ္စကို သိပါ၊ သိတာက ဘာပါလိမ့်...(ဉာဏ်)၊ဒါဖြင့် ကိစ္စနဲ့ဉာဏ်နဲ့ ပေါင်းပါ...(ကိစ္စဉာဏ်ပါဘုရား)။

ကိစ္စဉာဏ်များ ခက်တယ်ထင်နေတယ် ခင်ဗျားတို့က၊ ခက်သေးရဲ့လား...(မခက်ပါဘုရား)၊ ဩော်...ကိစ္စဉာဏ်ဆိုတာ ဟော့ ကျွတ်တမ်းဝင်မည့်ပုဂ္ဂိုလ်မှ သိတာ၊ ဒါဖြင့် ကျွတ်တမ်းမဝင်တဲ့ ပုဂ္ဂိုလ် ကျွတ်စရာမရှိတော့ဘူး။ ဒီအဓိပ္ပာယ် မရဘူးလား... (ရပါတယ်ဘုရား)။

## နာမ်၏ဇရာ မရဏမရှိဘူးလား

ဒါဖြင့် အခုသိပါသလားတဲ့၊ ဒီတရားကလေးတွေကလဲ ဇရာ၊ ဗျာဓိ၊ ဖဿကလေးမှာလဲ ဒကာ၊ ဒကာမတို့နာမ်၏ ဇရာ၊နာမ်၏ မရဏ မရှိဘူးလား...(ရှိပါတယ်ဘုရား)၊ စာသမားတွေမှာ မရှိဘူးလား...(ရှိပါတယ်ဘုရား)။

အဲဒီတော့ သူ့မှာလဲ ဗျာဓိမရဏတွေ ဇရာ မရဏတွေ နှိပ်စက်၊ မနှိပ်စက်...(နှိပ်စက်ပါတယ်ဘုရား)။

ဘယ်အချိန် မခံရတဲ့အချိန် ရှိသလဲ...(မရှိပါဘုရား)၊ ဒါဖြင့် ခန္ဓာထဲမှာ ဇရာဗျာဓိရှိတယ်...(ရှိပါတယ်)၊ မရှိဘူးလား ... (ရှိပါတယ်ဘုရား)၊ ဇရာမရဏကော--(ရှိပါတယ်ဘုရား)။

ဒါဖြင့် အမြဲနှိပ်စက်ခံနေရသောကြောင့် ဒီခန္ဓာကြီးမှာ ဘာရှိသတုံး...(အနှိပ်စက်ခံရတဲ့ကိစ္စရှိပါတယ်)၊ အနှိပ်စက်ခံရတဲ့ ကိစ္စရှိတယ်၊ အဲဒီကိစ္စကို သိတဲ့ဉာဏ်ကို ဘာဉာဏ်ခေါ်ကြမလဲ ...(ကိစ္စဉာဏ်ပါဘုရား)၊ ဟော...ကိစ္စဉာဏ်ပေါ်ပလား ... (ပေါ်ပါပြီဘုရား)၊

## ၂။ သခ်ံတဒွှောဆိုတာ

ဒါဖြင့် ပီဠုနဒွှောဆိုတာဖြင့်ကျေနပ်လောက်ပါပြီ...(မှန်ပါ့)၊ သခ်ံတဒွှော ပြောပါဦးမယ်တဲ့ ကိစ္စဉာဏ်လေးချက်ပြောမယ်။

သခ်ံတဒွှောတဲ့ ဒကာ၊ ဒကာမတို့ **တဏှာယောက်ျား လက်သမား၏ ဆိုးဝါးယုတ်မာ ပြုပြင်ရာကို ရုံခါမသွေ အမြဲခံ နေရတဲ့ အနက်သဘော**သည်လည်းကောင်း၊ ခင်ဗျားတို့ရဲ့ ခန္ဓာကြီး ဟာ တဏှာကပြုပြင်သလို ခံနေရတယ်...(မှန်ပါ့)။

တဏှာက ရုံးသွားလိုက် မင်းဒါမှ ငွေရမယ်ဆိုတော့ ခန္ဓာကြီးကပြေးတယ်၊ မပြေးဘူးလား...(ပြေးပါတယ်ဘုရား)။

ဒါမှမင်းငွေရမယ်၊ အစိုးရအလုပ်သမားဆိုရင် ရုံးသွားလိုက် ဆိုတော့ တဏှာဟာက ခိုင်းတာ...(မှန်ပါ့)၊ တဏှာခိုင်းတာကို ရုပ် နာမ်က မပြေးဘူးလား...(ပြေးပါတယ်ဘုရား)။

ဒါဖြင့် တဏှာပြုပြင်ရာ ခံနေရသောကြောင့်လဲ ဒီခန္ဓာကြီး ဘာသာစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)၊ သဘောကျပလား... (ကျပါပြီ)၊တဏှာကငါ့ကို အဝတ်ဆင်ပေးဦးဆိုတော့ ဆင်မပေးရ ဘူးလား...(ပေးရပါတယ်ဘုရား)။

## တဏှာပြုပြင်တိုင်း လိုက်နာနေရတယ်

ဒါဖြင့် တဏှာပြုပြင်တိုင်း ကျုပ်တို့က လိုက်နာနေရသော ကြောင့် ဒီခန္ဓာ ဘာသစ္စာဆိုမလဲ...(ဒုက္ခသစ္စာပါဘုရား)၊ တဏှာ က ထမင်းဆာတယ်ကွ ဆိုတော့ ဆာတဲ့တဏှာပေါ်လာတယ် ...(မှန်ပါ့)၊ကပျာကယာချက်ကျွေးတန်ကျွေး၊ ဝယ်ကျွေးတန်ကျွေး တာက ဒကာ၊ဒကာမတွေ တဏှာနှိပ်စက်တဲ့အတိုင်း ခင်ဗျားတို့

မလိုက်နာရဘူးလား...(လိုက်နာရပါတယ်ဘုရား)၊ ဒါဖြင့်ဘာ သစ္စာတုံး...(ဒုက္ခသစ္စာပါ)။

ဒါဖြင့် တဏှာပြုပြင်ရာ ခံနေရသောကြောင့်လဲ ဒီခန္ဓာကြီး ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)၊ ကိုင်း...ဒကာ၊ဒကာမတွေ လွတ်လပ်ပါရဲ့လား...(မလွတ်လပ်ပါဘုရား)။

## ၃။ သန္တာ၁ပဇ္ဇောဆိုတာ

သန္တာ၁ပဇ္ဇောဆိုတဲ့၊ သန္တပဇ္ဇော၊ **ဆင်းရဲမီးဖြင့်၊ ငြီးငြီးတောက် ပြောင်အမြဲလောင်နေတဲ့ အနက်သဘော**သည်လည်းကောင်း။

ဒကာ၊ဒကာမတို့ သန္တပဋ္ဌ ကူးလိုက်ပြီ၊ သန္တာ၁ပဋ္ဌဆိုတော့ မပြောင်ဘူးလား...(ပြောင်ပါတယ်ဘုရား)၊ဝေဒနာကလေး ပေါ် လာကော...(ပြောင်ပါတယ်ဘုရား)၊ ရုပ်ကလေးပေါ်တာကော ...(ပြောင်ပါတယ်ဘုရား)၊ဒါဖြင့် မီးလောင်လို့ပြောင်တယ်... (မှန်ပါ့)၊ သဘောကျရဲ့လား...(ကျပါတယ်ဘုရား)။

ဒါဖြင့် မီးလောင်တဲ့ကိစ္စသည် ရုပ်နာမ်မှာရှိမရှိ...(ရှိပါတယ် ဘုရား)၊ အဲဒီရုပ်နမ်မှာမီးလောင်လို့ပြောင်မှန်းသိတဲ့ ဉာဏ်သည် ဘာဉာဏ်ဆိုကြမလဲ ...(ကိစ္စဉာဏ်ပါ)၊ ကိစ္စဉာဏ်၊ သန္တာ၁ပဋ္ဌ ကိစ္စဉာဏ်...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီဘုရား)။

## ၄။ ဝိပရိဏာမဋ္ဌောဆိုတာ

ကိုင်း...ဒါဖြင့် ကိစ္စဉာဏ်လေးချက်ကို ဒကာ၊ဒကာမတွေ ရှင်းပြီး ပြောသွားမယ်၊ ဝိပရိဏာမဋ္ဌော၊ ဝေဒနာကလေးက ပေါ်တယ်၊ ဒကာ၊ဒကာမတို့...(မှန်ပါ့)။

တော်တော်ကြာ ဒီချမ်းသာသလိုလိုနဲ့ ချမ်းသာတာကလေး ရှိသေးရဲ့လား...(မရှိပါဘုရား)၊ ဆင်းရဲသလိုလိုနဲ့ ဆင်းရဲတာကလေးကကော...(မရှိပါဘုရား)၊ အလတ်စားလိုလိုနဲ့ အလတ်စားကလေးကကော ရှာတွေ့သေးရဲ့လား...(မတွေ့ပါ)။

ဒါဖြင့် ဖောက်ပြန်ပျက်စီးသွားတဲ့သဘော မရှိဘူးလား...(ရှိပါတယ်ဘုရား)၊ ဒါဖြင့် ဖောက်ပြန်ပျက်စီးတာက ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)၊ ရှင်းပလား(မှန်ပါ့)။

အဲဒီဖောက်ပြန်ပျက်စီးတဲ့ကိစ္စကို သိတဲ့ဉာဏ်က ဘာဉာဏ်ခေါ်မတုံး...(ကိစ္စဉာဏ်ပါဘုရား)၊အဲ...ကိစ္စဉာဏ်ဟာ ဝိပဿနာထဲအကုန်ပါသွားတယ်...(မှန်ပါ့)၊ ရိပ်မိကြပလား...(ရိပ်မိပါပြီ)။

## ဉာဏ်စဉ်တွေက ရှည်နေတယ်

ခင်ဗျားတို့ အနိစ္စလဲ ဒီအထဲမှာ ဘယ့်နှယ်တုံး...(ပါ,ပါတယ်ဘုရား)၊ ဒုက္ခကော...(ပါ,ပါတယ်)၊ အနတ္တကော...(ပါပါတယ်ဘုရား)၊ အသုဘကော...(ပါ,ပါတယ်ဘုရား)၊ ဒါဖြင့် ဒီဉာဏ်သာတက်ပါ၊ ဟိုဉာဏ်စဉ်တွေ ရှည်နေတယ်၊ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

သမ္မသနကနေတက်မနေနဲ့၊ ဥဒယဗ္ဗယကနေ တက်မနေနဲ့...(မှန်ပါ့)၊ သစ္စဉာဏ်ကစတက်၊ သစ္စဉာဏ်ပြီး ဘယ်ဉာဏ်တက်မယ်...(ကိစ္စဉာဏ်တက်ရပါမယ်)၊ ကတဉာဏ်ကျတော့ နိဗ္ဗာန်မရောက်ဘူးလား...(ရောက်ပါတယ်ဘုရား)။

## အသက်တန်းတိုတော့ အတိုလိုက်ပါ

ဒါဖြင့်ခင်ဗျားတို့ အသက်တမ်း တိုတိုနဲ့အရှည်လိုက်မလား အတိုလိုက်မလား...(အတိုလိုက်ပါမယ်ဘုရား)၊ အတိုလိုက်မယ် ဆိုတာ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ၊ဒကာမတို့ ခင်ဗျားကလဲ အသက်တမ်းတို တယ်နော်၊ ဆရာသမားကတော့...(တိုပါတယ်ဘုရား၊ အရှည် လိုက်နေရင်...(မဖြစ်ပါဘုရား)၊ မဖြစ်ဘူးဆိုတာ သေချာပလား ...(သေချာပါပြီဘုရား)။

## ကိစ္စဉာဏ်(၄)ချက်

ဒါဖြင့် ဒကာ၊ ဒကာမတို့တဲ့၊ ကိစ္စဉာဏ်နဲ့ သစ္စဉာဏ် ရှေးဦးစွာ ဩော်...ဒါတွေ ဒုက္ခသစ္စာလို့သိတာက သစ္စဉာဏ် ...(မှန်ပါ့)၊ ဒါတွေမှာ (၁) နှိပ်စက်တဲ့ကိစ္စ၊ (၂) ပြုပြင်ရတဲ့ကိစ္စ၊ (၃) ပူပန်ရတဲ့ကိစ္စ၊ (၄) ဖောက်ပြန်ရတဲ့ကိစ္စ ရှိ,မရှိ... (ရှိပါတယ်ဘုရား)၊ သဘောကျပလား...(ကျပါပြီ)။

ဒီကိစ္စတွေကို ပျောက်ပျောက်သွားတာ မြင်တိုင်း ဩော် ...သူ့ကိစ္စ နှိပ်စက်တာကိုဆိုတာ မသိဘူးလား...(သိပါတယ် ဘုရား)၊ ဒါဖြင့် ပျောက်ပျက်တဲ့ကိစ္စ သူ့မှာ ရှိ,မရှိ...(ရှိပါ တယ်ဘုရား)၊ အဲဒါ သိတဲ့ဉာဏ် ဘာဉာဏ်ခေါ်မယ်...(ကိစ္စဉာဏ် ခေါ်ပါတယ်)။

ဒါဖြင့် ဒီကိစ္စကို သိတဲ့ဉာဏ်သည် ဒကာ၊ ဒကာမတို့ တဏှာ ဥပါဒါန်ကံတွေကို မဖြတ်ဘူးလား...(ဖြတ်ပါတယ်

ဉပါဒါန်ကော...(ဖြတ်ပါတယ်)၊ ကံကော...(ဖြတ်ပါတယ် ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ယနေ့ကံဖြတ်လာကြတာပေါ့...(မှန်ပါ့ ဘုရား)၊ သဘောကျပလား...(ကျပါပြီ)၊ ဒီကံကို မဖြတ်ရင် ဇာတိလာမယ်...(မှန်ပါ့)၊ ဒီကံကို မဖြတ်ရင် ဘာလာမယ်ထင် သတုံး...(ဇာတိလာပါမယ်)၊ ဇာတိဘာသစ္စာတုံး...(ဒုက္ခသစ္စာပါ ဘုရား)။

ကိုင်း...ဒါဖြင့် ကံဖြတ်လိုက်တော့ ဒကာ၊ ဒကာမတို့ ဇာတိ လာသေးရဲ့လား...(မလာပါဘုရား)။

ဒါဖြင့် ကံကိုဖြတ်ချင်လို့ရှိရင် ကံက ရှေ့ပိုင်းရောက်နေတော့ တဏှာဖြတ်လိုက်ရင် ဉပါဒါန် လာသေးရဲ့လား...(မလာပါ ဘုရား)၊ မလာရင်နောက်ကံကော...(မလာပါဘုရား)။

ဒါဖြင့် တဏှာသိမ်းနိဗ္ဗာန်ဆိုတာ ပေါ်ပလား...(ပေါ်ပါပြီ ဘုရား)၊ ဒီဘက် ခန္ဓာသိမ်း နိဗ္ဗာန်ဆိုတာကော...(ပေါ်ပါပြီ)၊ ဒီတဏှာသိမ်းလိုက်ရင် ဒီခန္ဓာကော...(မလာပါ)၊ သိမ်းပြီးသားပဲ ဆိုတာ ပေါ်ကြပလား...(ပေါ်ပါပြီ)။

ဒါဖြင့်ဘုန်းကြီးတို့ ဒကာ၊ဒကာမတွေ သြော်...ကိုယ့်ခန္ဓာ ကြီးဟာ ဒီအတိုင်းပဲ၊ ဒီခန္ဓာကြီး၏ ကိစ္စကို သိရင် ကိစ္စဉာဏ်ရရင် ပြီးတာပဲ...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီ)

## ကိစ္စဉာဏ်သည် ပွားများရမည့်ဉာဏ်

ကိစ္စဉာဏ်သည် ဒကာ၊ဒကာမတို့ သိရမည့် ဉာဏ်လား ပွားများရမည့်ဉာဏ်လား...(ပွားများရမည့်ဉာဏ်ပါဘုရား)၊

ပွားများရမည့် ဉာဏ်ဆိုတာ သေသေချာချာမှတ်ပါ...(မှန်ပါ့)၊ ကိစ္စဉာဏ်ဆိုတာ ဘာပါလိမ့်...(ပွားများရမည့်ဉာဏ်ပါဘုရား)၊ ဒီကိစ္စပေါ်တိုင်း ပေါ်တိုင်း ဒီက သိသိပေးရမယ်...(မှန်ပါ့)၊ ကိစ္စပေါ်တိုင်း...(သိသိပေးရပါမယ်)၊ ဒါဖြင့် အသိပေါင်း ဘယ်လောက်ပါလိမ့်ဆိုတော့ အများကြီး...(မှန်ပါ့)။

ကိစ္စကိုသိတဲ့အသိပေါင်း အများကြီး ဖြစ်လို့ရှိရင် ကတ,ရောက်တော့မယ်...(မှန်ပါ့)၊မရောက်ပေဘူးလား... (ရောက်ပါတယ်ဘုရား)၊ ဘာဖြစ်လို့တုံး၊ သူ့ဘာဝေတဗ္ဗ ကိစ္စက ဒီနေရာမှာကိုးဗျ...(မှန်ပါ့)၊ သဘောပါလား...(ပါ,ပါပြီဘုရား)။

## ကတဉာဏ်က မဂ်ဉာဏ်

ဒါဖြင့် ကိစ္စဉာဏ်သည် ဝိပဿနာဉာဏ်...(မှန်ပါ့)၊ ကတဉာဏ်သည် မဂ်ဉာဏ် ဖိုလ်ဉာဏ်...(မှန်ပါ့)၊ ဒီလိုခွဲယူပါ၊ သဘောကျပလား...(ကျပါတယ်)၊ကိစ္စဉာဏ်သည်...(ဝိပဿနာ ဉာဏ်ပါ)၊ ကတဉာဏ်သည်...(မဂ်ဉာဏ်ဖိုလ်ဉာဏ်ပါဘုရား)။

ဒါဖြင့် ဘုန်းကြီးပြတဲ့လမ်းက သာမနီးဘူးလား...(နီးပါ တယ်ဘုရား)၊ဒါဖြင့် ဒီလမ်းကိုလိုက်ပါလားဗျ၊ခင်ဗျားတို့က ရောဂါကများ၊ အသက်ကတို၊ မင်းစိုးရာဇာကပူ၊ ဥတုရာသီက မကောင်း၊ အရှည်ကြီးလိုက်နေ၊ ဘယ်တော့နိဗ္ဗာန်ရမှာတုံး... (မရပါဘုရား)၊ ရဖို့ကော မြင်သေးရဲ့လား...(မမြင်ပါဘုရား)။

## ဒီ(၃)ဉာဏ်နဲ့ ရှင်ကောဏ္ဍည ပြီးသွားတယ်

အဲဒီတော့ မျက်စိလည်လို့ လိုက်နေတာ၊ ဒီဉာဏ်သုံးခုနဲ့ အရှင်ကောဏ္ဍည ပြီးသွားတာ...(မှန်ပါ့)၊ သဘောကျပလား ...(ကျပါပြီ)။

အရှင်ကောဏ္ဍည ဒိပြင်ဉာဏ်များပါသေးသလား...(မပါ ပါဘုရား)၊ သစ္စဉာဏ်ကို ဘုရားက ရှေးဦးစွာဟောလိုက်တယ်၊ ပြီးတော့ ဘာဟောတုံး...(ကိစ္စဉာဏ်ဟောပါတယ်)၊ နောက် ဘာဉာဏ်ဟောသတုံး...(ကတဉာဏ်ပါဘုရား)။

အဲဒီတော့ ကောဏ္ဍည သိသွားပြီကွ...နိဗ္ဗာန်သိသွားပြီလို့ ဘုရားက ကြော်ငြာမပေးဘူးလား...(ပေးပါတယ်ဘုရား)၊ နို့ ...ပေးတဲ့ဝတ္ထုသက်သေ သာဓကကလဲ ဒကာ၊ ဒကာမတို့ ရှားသလား...တဲ့၊ တရားဦးလား...(တရားဦးပါဘုရား)။

## တရားဦးကမှ ပုဂ္ဂိုလ်မငဲ့တာ

ခင်ဗျားတို့က တရားဦးမလိုက်ဘူး၊ တရားလယ်လိုက်နေလို့ ပိကျနေတာ၊ ရိပ်မိပလား...(ရိပ်မိပါပြီ)၊ တရားဦးမှ ပုဂ္ဂိုလ် သတ္တဝါမငဲ့တာ...(မှန်ပါ့)၊ တရားလယ်တွေကျတော့ ပုဂ္ဂိုလ် သတ္တဝါငဲ့ဟောရတာ ပါလာတယ်၊ မပါဘူးလား...(ပါ,ပါတယ်)၊ ဒီပုဂ္ဂိုလ်ကျတော့ဟော့ ဒီတရားဟောမှ၊ ဟိုပုဂ္ဂိုလ်ကျတော့ ဟိုတရား ဟောမှဆိုတဲ့ အလယ်တရားတွေက ပုဂ္ဂိုလ်လိုက် ဟောတာ၊ ရှေးဦးစွာဟောတဲ့တရားက ပုဂ္ဂိုလ်လိုက်သေးရဲ့လား...(မလိုက်ပါ ဘုရား)။

ဘာဟောတုံး…(သစ္စဉာဏ်ဟောပါတယ်)၊ သစ္စဉာဏ် ပြီးတော့ ဘာဟောတုံး…(ကိစ္စဉာဏ်ဟောပါတယ်)၊ ပြီးတော့ ဘာဟောတုံး…(ကတဉာဏ်ဟောပါတယ်)၊ အဲဒီတော့ ပုဂ္ဂိုလ် သတ္တဝါ ငဲ့သေးရဲ့လား…(မငဲ့ပါဘုရား)။

ပုဂ္ဂိုလ်သတ္တဝါ မငဲ့တဲ့တရားမှ ဓမ္မစက္ကြာန်လို့မှတ်…(မှန်ပါ့)၊ ရိပ်မိပလား…(ရိပ်မိပါပြီ)၊ပုဂ္ဂိုလ်သတ္တဝါငဲ့ ဟောတဲ့တရားဟာ ငါ့ကိုဟောတာ မဟုတ်ဘူးလို့မှတ်၊ သူ့အတွက်သာသက်သက် …(မှန်ပါ့)၊ရိပ်မိပလား…(ရိပ်မိပါပြီ)။

## သူကျွတ်တာ၊ မင်းနဲ့ မဆိုင်ဘူး

ဒါဖြင့် ခင်ဗျားတို့က ဘယ်ဟာတွေ လိုက်နေကြပါလိမ့်တုံး လို့ ဒီဒကာ၊ ဒကာမတွေ ဘုန်းကြီးက စိစစ်မေးလိုက်တဲ့အခါ ကျတော့ ဘယ်သူဟာ ဘာနဲ့ ကျွတ်သွားတယ်၊ ဟ…သူကျွတ် တာကွ၊ မင်းနဲ့မဆိုင်ဘူး…(မှန်ပါ့)၊ ရိပ်မိပလား…(ရိပ်မိပါပြီ)။

ဥပမာမယ်…'ဒိဋ္ဌေဒိဋ္ဌမတ္တံ'လို့ ဒါရုစိရိယကို ဟောတယ်၊ ဒါရုစိရိယကိုဟောတာ ခင်ဗျားတို့ သွားမလုပ်နဲ့၊ ဒါရုစိရိယ တစ်ဦးတည်းရတာ…(မှန်ပါ့)၊ ရိပ်မိပလား…(ရိပ်မိပါပြီ)၊ ဒီပြင်လူ ရမယ်ထင်သလား…(မရပါဘုရား)၊ မရဘူး၊ သူက ခိပ္ပါဘိညာ မို့ရတာ…(မှန်ပါ့)၊ သဘောပါပလား…(ပါ,ပါပြီ)။

## အများနဲ့ဆက်ဆံတဲ့ တရားလိုက်ပါ

ဒါရုစိရိယ ဟောတဲ့တရားကို အရှင်စူဠပန် သွားဟောရင် ရပါ့မလား…(မရပါဘုရား)၊ ပေါ်ပလား…(ပေါ်ပါပြီ)၊ ဒါဖြင့်

အများနဲ့ ဆက်ဆံတဲ့တရားလိုက်ပါ...(မှန်ပါ့)။

ပုဂ္ဂိုလ်ငဲ့ ဟောတဲ့တရားကို မလိုက်ပါနဲ့ဆိုတော့ သစ္စဉာဏ် ကိစ္စဉာဏ်၊ ကတဉာဏ်၊ ဒကာ၊ဒကာမတို့ ပုဂ္ဂိုလ်လိုက်သေးရဲ့ လား...(မလိုက်ပါဘုရား)၊ ဘယ်ပုဂ္ဂိုလ်မဆို သစ္စာဟောရမှာကိုးဗျ ...(မှန်ပါ့)၊ သစ္စာမဟောဘဲနဲ့ နိဗ္ဗာန်ရတဲ့ပုဂ္ဂိုလ် ရှိရဲ့လား... (မရှိပါဘုရား)။

ခုနက ပြောခဲ့ပါပြီ ဒကာ၊ ဒကာမတို့၊ တိုင်မပါဘဲနဲ့ ဒိုင်းတင်ခဲ့တယ်ဆိုရင် ဘုရားက မယုံနဲ့တဲ့၊ ခင်ဗျားတို့ကော ယုံရဲ့လား...(မယုံပါဘုရား)။

အဲ–သစ္စ၊ ကိစ္စ မပါဘဲနဲ့ နိဗ္ဗာန်ရတယ်ဆိုရင် ဘယ်သူမှ မယုံနဲ့ဆိုတော့ ဒါက အများဟောတာ...(မှန်ပါ့)၊ ပေါ်ပလား ...(ပေါ်ပါပြီ)။

## ဉာဏ်ချိန်ခွင်ပေးနေတာ

ဒါဖြင့် ခင်ဗျားတို့မှာ အခုတရားဟောနေရတယ် မရှိဘူး၊ ဉာဏ်ချိန်ခွင် ပေးနေရတာနဲ့ အချိန်ကုန်နေတာ...(မှန်ပါ့ဘုရား)၊ သဘောကျပလား...(ကျပါပြီဘုရား)၊ ဘာပေးနေရတာတုံး... (ဉာဏ်ချိန်ခွင် ပေးနေရတာပါဘုရား)။

ခင်ဗျားတို့က ဉာဏ်ချိန်ခွင်မရှိတော့ အစိတ်သားထည့် လိုက်လဲ ဩော်...တစ်ပိဿာပဲ၊ ဉာဏ်ချိန်ခွင်မှ မပါဘဲကိုး... (မှန်ပါ့)၊ ဘယ်သူဟောသွားသတဲ့၊ ဘုန်းကြီးကသိပ်ကောင်းတာ။ မြင်ကာမတ္တနဲ့ ရတယ်၊ နိဗ္ဗာန်ရောက်သတဲ့၊ ဟာ...အဲဒါဒါရစိရိယ ဟောတာ၊ ခင်ဗျားဟောတာ မဟုတ်ဘူး၊ ရိပ်မိပလား...(ရိပ်မိ

ပါပြီ)။

ဒါရုစိရိယ ဟောတဲ့တရား ခင်ဗျားတို့ နိဗ္ဗာန်ရောက်နိုင်ပါ့မလား...(မရောက်နိုင်ပါဘုရား)၊ မရောက်နိုင်ဘူးဗျ၊ စူဠပန် ဟောတဲ့တရား ခင်ဗျားတို့ နိဗ္ဗာန်ရောက်ပါ့မလား...(မရောက်နိုင်ပါဘုရား)။

အရှင်သာရိပုတ္တရာ ဟောတဲ့တရား ခင်ဗျားတို့ကို နိဗ္ဗာန်ရောက်ပါ့မလား...(မရောက်ပါဘုရား) ဒါတွေက ပုဂ္ဂိုလ်ချွေးသယ တွေ ပုဂ္ဂိုလ်လိုက်ဟောတာ...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီ)။

ပုဂ္ဂိုလ်မလိုက်ဘဲနဲ့ ဟောရမည့်တရားက ဒီဉာဏ်သုံးချက်လို့ မှတ်လိုက်...(မှန်ပါ့ဘုရား)၊ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)၊ ပုဂ္ဂိုလ်မလိုက်ဘဲနဲ့ ဟောရမည့်တရားက...(ဤဉာဏ်သုံးချက် ပါဘုရား)၊ ဒါဖြင့် ခင်ဗျားတို့က ဘာအားကိုးထားပါမယ်...(ဒီဉာဏ်သုံးချက်ကို အားကိုးထားပါမယ်ဘုရား)။

## လေ့ခါးသုံးထစ်နဲ့ နိဗ္ဗာန်ရောက်တယ်

သစ္စဉာဏ် ရှေးဦးစွာ အားထားပါ...(မှန်ပါ့)၊ နောက် ဘယ်ဉာဏ်ကိုလိုက်ရမလဲ...(ကိစ္စဉာဏ်ပါဘုရား)၊ နောက် ကတ ဉာဏ်ကျတော့ကို ဒကာ၊ ဒကာမတွေ နိဗ္ဗာန်မြင်တဲ့ဉာဏ်ဆိုတော့ မပြီးသေးဘူးလား...(ပြီးပါတယ်)၊ လှေကားသုံးထစ်နဲ့ နိဗ္ဗာန်ကို ရောက်တယ်...(မှန်ပါ့)။

ခင်ဗျားတို့က ဆယ့်ခြောက်ထစ်မှ တပည့်တော်တို့က

ဆိုရင်တော့ ရောက်မှာမဟုတ်ပါဘူး...(မှန်ပါ့)၊ လမ်းတွင် အမောဆိုက်မယ်...(မှန်ပါ့)၊ ရိပ်မိပလား...(ရိပ်မိပါပြီ)။

ခုဟာ လမ်းအမောဆိုက်ဖို့လား၊ မြန်မြန်ရောက်ဖို့လား ...(မြန်မြန်ရောက်ဖို့ပါဘုရား)၊ ဆုတောင်းတော့ ခင်ဗျားတို့က ဝဋ်ဘဝ တိုတိုနဲ့တဲ့ ရှည်မှာတောင် ကြောက်နေတယ်...(မှန်ပါ့) ဆုတောင်းတော့တိုတို၊ လုပ်တော့ရှည်ရှည်...(မှန်ပါ့)၊ ရိပ်မိပလား ...ရိပ်မိပါပြီ)။ ဆုတောင်းတော့...(တိုတိုပါ)၊ လုပ်တော... (ရှည်ရှည်)၊ တော်တော်ခွကျတဲ့ လူတွေပါကလား၊ အင်မတန် ဆိုးနေတယ်ဆိုတာ မပေါ်သေးဘူးလား...(ပေါ်ပါပြီဘုရား)။

ကိုင်း...ဒါဖြင့် ဒကာ၊ဒကာမတို့၊ပြောကြပါစို့တဲ့၊ နာရီ ကလဲ စေ့တော့မယ်၊ ပထမ ဒီဖြစ်ပျက်သည် ဒကာ၊ဒကာမတို့ စိတ်ကလေး တစ်ခုဟာ ဖြစ်ပြီးပျက်တာပဲ...(မှန်ပါ့)၊ သဘောကျ ပလား...(ကျပါပြီ)၊ ဘယ်စိတ်မဆို ဘာတုံး...(ဖြစ်ပြီးပျက်ပါ တယ်)။

## ဘုန်းကြီးက စိတ်ကို အရှုခိုင်းတယ်

ဖြစ်ပြီးပျက်တာပဲဆိုတာ ခင်ဗျားတို့ သန္တာန်ဖြစ်တဲ့စိတ်က ဖြင့် မဖြစ်ဘဲ မပျက်ဘဲနေတဲ့တရား တွေ့ပါရဲ့လား...(မတွေ့ပါ ဘုရား)၊ မတွေ့တော့ ခင်ဗျားတို့ စိတ်ကိုရှု ...(မှန်ပါ့)၊ ဒကာ၊ ဒကာမတွေ၊ ဘုန်းကြီးဘာသင်ပါလိမ့်...(စိတ်ကို အရှုခိုင်းတာပါ ဘုရား)။

စိတ်ကိုရှုတာ၊ သဘောကျပလား...(ကျပါပြီ)၊ စိတ်ကို သစ္စာဉာဏ်နဲ့ရှုပါ...(မှန်ပါ့)၊ စိတ်ကို ကိစ္စဉာဏ်နဲ့ရှုပါ...(မှန်ပါ့)၊

သဘောပါပလား…(ပါ,ပါတယ်ဘုရား)၊ ဒါမှ နိဗ္ဗာန်ကို ကတ ဉာဏ်နဲ့မြင်မယ်…(မှန်ပါ့)၊မပေါ်ပေဘူးလား…(ပေါ်ပါပြီဘုရား)၊ စိတ်ကိုသစ္စဉာဏ်နဲ့ရှုပါ…(မှန်ပါ့)၊ စိတ်ကို ကိစ္စဉာဏ်နဲ့ ပွားများပါ…(မှန်ပါ့)၊ သဘောပါပလား…(ပါ,ပါပြီဘုရား)၊ နောက်တော့ စိတ်ကို မရှုပါနဲ့တော့…။

ကတဉာဏ်ဆိုတာ နိဗ္ဗာန်ကိုမြင်တဲ့ ဉာဏ်ကိုဆိုပါတယ်၊ ပြီးပြီလို့ သိတဲ့ဉာဏ်ကိုးဗျ…(မှန်ပါ့)၊ ရိပ်မိပလား…(ရိပ်မိပါပြီ)။

ပြီးပြီလို့သိတဲ့ဉာဏ်ကို ဘာဉာဏ်ခေါ်မလဲ…(ကတဉာဏ် ပါဘုရား)၊ အဲ'ခီဏာဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ'ဆိုတဲ့ ပါဠိတော်တွေဟာ ပြီးပြီလို့ သိတဲ့ဉာဏ်တွေ၊ သဘောပါကြပလား…(ပါ,ပါတယ်ဘုရား)၊ ဒါဖြင့် ဒကာ၊ဒကာမ တို့ အလုပ်ကလေး ဒီနေ့ နည်းနည်းပေးချင်ပါတယ်။

## ဒီဉာဏ်(၃)ချက်နဲ့ အလုပ်လုပ်ပါ

အခုဟာ အဟောတော့ဖြင့် ခင်ဗျားတို့ ကျေကျေနပ်နပ် သဘောကျပြီ…(ကျပါပြီ)၊ မကျသေးဘူးလား…(ကျပါပြီ)၊ တပည့်တော်တို့အလုပ်လုပ်ဖို့ပဲ အရေးကြီးတော့တယ်…(မှန်ပါ့)၊ ဒီဉာဏ်၃ချက်နဲ့ အလုပ်လုပ်ဖို့ပဲ တပည့်တော်တို့အရေးကြီးတော့ တယ်…(မှန်ပါ့)၊အဟောတော့ ကျေနပ်ပြီမဟုတ်လား…(ကျေနပ် ပါပြီ)၊တရားမှန်ကြောင်းကော…(မှန်ပါတယ်ဘုရား)၊ မှန်ကြောင်း လည်းသက်သေခံပလား…(ခံပါတယ်ဘုရား)၊ ဒီဟာ ဘယ်သူ့ခန္ဓာ တွေပါလိမ့်…(ကိုယ်ခန္ဓာတွေပါဘုရား)။

ခင်ဗျားတို့ ယခုရထားတဲ့ ဥစ္စာ...(မှန်ပါ့ဘုရား)၊ ဘာသစ္စာ တွေရသလဲ...(ဒုက္ခသစ္စာပါဘုရား)၊ အဲ–ဒုက္ခသစ္စာ ရှေးဦးစွာ သိအောင်လုပ်နော်...(မှန်ပါ့)၊ ကဲ...ဒုက္ခသစ္စာတွေက ဟောဒီမှာ ၁–လဲ၊ ဒုက္ခသစ္စာ၊ ၂–ကော၊...(ဒုက္ခသစ္စာပါပဲဘုရား)၊ ၅–ကော...(ဒုက္ခသစ္စာ)၊ များလိုက်တာဗျာ၊ မများဘူးလား... (များပါတယ်)၊များတော့ ဘုန်းကြီးက ဒကာ၊ဒကာမတို့ များလွန်းတယ်၊ ဘုရားဉာဏ်နဲ့ ဟောထားတာ ကျယ်လွန်းတယ်... (မှန်ပါ့)။

ခင်ဗျားတို့က ဘုရားလဲ မဖြစ်သေးတော့ ဘုရားဉာဏ်လဲ မရသေးတော့ ပုထုဇဉ်တွေ၊ ပုထုဇဉ်မှ သောတာပန်လဲ ဖြစ်ပလား မေးတော့ မဖြစ်သေးဘူး၊ သဘောကျပလား...(ကျပါပြီ)။

## အများဆုံး (၄၅)စိတ်ပဲ ရှိတယ်

ဒါဖြင့် ပုထုဇဉ်သိတဲ့ဉာဏ်နဲ့ ပုတုဇဉ်စိတ်ကိုရှု...(မှန်ပါ့)၊ မပေါ်သေးဘူးလား...(ပေါ်ပါတယ်)၊ ပုထုဇဉ်စိတ်က ခင်ဗျားတို့ အားလုံးမှတ်ပါ၊ ခင်ဗျားတို့မှာ အများဆုံး(၄၅)စိတ်ပဲရှိတယ်။ ဒကာ၊ဒကာမတို့ ခင်ဗျားတို့သန္တာန်မှာ စိတ်ပါင်း ဘယ်လောက် ပေါ်နိုင်သတုံး...(၄၅–စိတ်ပါဘုရား)၊ သဂြိုဟ်သမားက မလာ ခဲ့နဲ့...(မှန်ပါ့)။

သဂြိုဟ်သမား မလာခဲ့နဲ့တဲ့၊ သဂြိုဟ်သမားက(၈၁) နားလည်ထားတယ်၊ မဟုတ်ဘူးလား၊အကျယ်(၁၂၁)ကိုသူနား လည်ထားပါတယ်ဆိုပါတော့၊ ရတာလား၊ သူ့စိတ်ဖြစ်တာ သူ့ သန္တာန်ဖြစ်တာ နားလည်တာလား၊ ဘုရားရဟန္တာဖြစ်တာပါ

ပေါင်းယူထားသလား...(ပေါင်းယူထားပါတယ်ဘုရား)။

ဒါဖြင့် ဘုရား ရဟန္တာဖြစ်တဲ့စိတ် ခင်ဗျားတို့က ရှလို့ဖြစ်ပါ့မလား...(မဖြစ်ပါဘုရား)၊ ဒါဖြင့် ခင်ဗျားတို့သန္တာန် ဖြစ်ထိုက်တဲ့ စိတ်ဘယ်လောက်ပါလိမ့်...(၄၅ပါးပါဘုရား)၊ ၄၅ ပေါ်ကြပလား...(ပေါ်ပါပြီ)၊ လောဘ(၈)ခု၊ ဒေါသ(၂)ခု၊ မောဟ(၂)ခုဆိုတော့ (၁၂)ခု မနေဘူးလား...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီဘုရား)။

လောဘက...(၈–ခုပါဘုရား)။

ဒေါသက...(၂–ခုပါဘုရား)။

မောဟက...(၂–ခုပါဘုရား)။

အဲဒါ ရှုရမှာ၊ အကုသိုလ်ရှုရမှာ၊ သဘောကျပလား...(ကျပါပြီ)။

## ဘာရှုရမှာတုံး

ပြီးတော့မှ တစ်ခါ ဘာရှုရမှာတုံးဆိုတော့ မြင်တဲ့စိတ်၊ ကြားတဲ့စိတ်၊ နံတဲ့စိတ်၊ စားတဲ့စိတ်၊ ကိုယ်ပေါ်မှာ ယားယံနာတဲ့စိတ်၊ သဘောကျပလား...(ကျပါပြီဘုရား)။

အဲဒါ ရှုပါ၊ မျက်စိစိတ်၊ နားစိတ်၊ နှာခေါင်းစိတ်၊ လျှာစိတ် ကိုယ်စိတ်ပေါ့ဗျာ၊ သဘောကျပလား...(ကျပါပြီ)၊ တစ်ခါ ဘာရှုရဦးမတုံးဆိုတော့ ဒကာ၊ ဒကာမတွေ ကုသိုလ်ပြုတဲ့စိတ် ...(မှန်ပါ့)၊ ကုသိုလ်ကို ဉာဏ်နဲ့ယှဉ်ပြုလဲ ဖြစ်ပျက်ရှု... (မှန်ပါ့)။

ဉာဏ်နဲ့ မယှဉ်ဘဲပြုလဲ...(ဖြစ်ပျက်ရှု)၊ ခင်ဗျားတို့က

ကုသိုလ်ဆိုလို့ရှိရင်ဖြင့် အာစိဏ္ဏကံဖြစ်အောင် သြော်...ငါကုသိုလ် ဖြစ်နေပြီ၊ ဒါကုသိုလ်ဖြစ်နေပြီလို့ ပွားနေမှာ၊ ခင်ဗျားတို့ လူစုက မပွားပေဘူးလား...(ပွားပါတယ်)။

အဲဒါ သမထ...(မှန်ပါ)၊ သဘောကျပလား...(ကျပါပြီ)၊ စာဂါနုဿတိခေါ်တယ်...(မှန်ပါ)၊ အနုဿတိဆယ်ပါးဟာ သမထလား၊ ဝိပဿနာလား...(သမထပါဘုရား)၊ သမထ။

ဒါဖြင့် အခုဟောနေတာက သစ္စဉာဏ်ဆိုတော့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ဟောနေတာ...(မှန်ပါဘုရာ)၊ သဘောကျပလား...(ကျပါပြီ)။

## ဓမ္မာနုပဿနာ သတိပဋ္ဌာန်

ဘာသတိပဋ္ဌာန်ဟောနေတယ်...(ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပါဘုရား)၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်၊ ကာယာနုပဿနာ သတိပဋ္ဌာန်ဟာလဲ ဓမ္မာနုပဿနာ သတိပဋ္ဌာန်မှာ လာပေါင်းရတယ်...(မှန်ပါ)၊ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကလဲ ဘယ်လာပေါင်းရလဲ...(ဓမ္မာနုပဿနာ သတိပဋ္ဌာန်မှာ) သစ္စာမှာ လာဆုံတာကိုး...(မှန်ပါ)၊ ရိပ်မိပလား...(ရိပ်မိပါပြီ)၊ သစ္စာလာဆုံတယ်ဆိုတော့ ဓမ္မာနုပဿနာမှာ လာလာ ဆုံတယ်ဆိုတာ ကျေနပ်ပလား...(ကျေနပ်ပါတယ်ဘုရား)။

## နောက်ဆုံးပိတ် ဓမ္မာနုပဿနာရောက်တယ်

ကျေနပ်တော့ ဘုန်းကြီး အခုဟောနေတာ ဘာပါလိမ့်မတုံး ဆိုတော့ နောက်ဆုံးပိတ် တစ်နေ့ကျတော့ ဒကာ၊ ဒကာမတို့

စိတ္တာနုပဿနာအရှုခိုင်းပြားသော်လဲ ဓမ္မာနုပဿနာ ပြန်ရောက်တယ်...(မှန်ပါ့)။

ဒီစိတ်ဟာ ဘာသစ္စာတုံး...ပေါ်တဲ့စိတ်ကလေးဟာ...(ဒုက္ခသစ္စာပါ)၊ လောဘစိတ်ကလေးပေါ်ရင်ဘာသစ္စာလဲ...(ဒုက္ခသစ္စာပါဘုရား)၊ ဒေါသစိတ်ပေါ်လာရင်...(ဒုက္ခသစ္စာပါဘုရား)၊ ဖြစ်ပျက်ကိုယှူ...(မှန်ပါ့)၊ လောဘကလေးသာယာတဲ့အချိန်ကို ယှူလိုက်ရင် သမုဒယသစ္စာ...(မှန်ပါ့)၊ ဖြစ်ပျက်ယှူလိုက်ရင် ...(ဒုက္ခသစ္စာ)၊ ရိပ်မိပလား...(ရိပ်မိပါပြီ)။

ဒါမှ သဗ္ဗေ သင်္ခါရာ ဒုက္ခာနဲ့ကိုက်မှာပေါ့၊ ရှင်းပလား ...(ရှင်းပါပြီ)၊ သဂြိုဟ်နဲ့ခွဲယှူနော်၊ သဂြိုဟ်က လောဘဟာ သမုဒယသစ္စာ၊ သဘောကျပလား...(ကျပါပြီ)၊ ပေါ်နေတုန်း ဆိုတာ သဘောကျပလား...(ကျပါပြီ)၊ဖြစ်ပြီးပျက်တော့ ဘာသစ္စာ သွားဖြစ်သတုံး...(ဒုက္ခသစ္စာဖြစ်ပါတယ်)၊ ရှင်းပလား...(ရှင်းပါပြီ)၊ ဒါဖြင့် ဖြစ်ပျက်က ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

ဝိပရိဏာမလက္ခဏာဒုက္ခသစ္စ...(မှန်ပါ့)၊ သူဖောက်ပြန်သလား၊ မဖောက်ပြန်ဘူးလား...(ဖောက်ပြန်ပါတယ်ဘုရား)၊ ပျက်စီးတယ်မဟုတ်လား...(မှန်ပါ့)၊ သူ့ကို ဒါဖြင့် ဘာသစ္စာ ဖွဲ့မလဲ...(ဒုက္ခသစ္စာဖွဲ့ပါတယ်)။

## လောဘစိတ်လည်း ဖြစ်ပျက်ရှု

အဲဒီလို မှတ်ထားရမယ်ဆိုတော့ ဒါကြောင့် ဘုရားက လောဘစိတ်လာလဲ'သရာဂ ဝါစိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ' မဟုတ်ဘူးလား...(မှန်ပါ့)၊ လောဘစိတ်လာလဲ လောဘကို

ဖြစ်ပျက်ရှု၊ မဆိုဘူးလား...(ဆိုပါတယ်ဘုရား)။

ဒေါသလာရင်ကော...(ဒေါသဖြစ်ပျက်ရှု)၊ မောဟလာရင်ကော...(မောဟဖြစ်ပျက်ရှု)၊ ကုသိုလ်စိတ် လာရင်ကော...(ကုသိုလ်စိတ်ရှု)၊ ကုသိုလ်စိတ်လို့ အအားမနေလိုက်ပါနဲ့၊ ဘာလုပ်ရမတုံး...(ဖြစ်ပျက်ရှု)၊ ဖြစ်ပျက်ရှုပါ၊ ဖြစ်ပျက်မရှုလို့ရှိရင် ဓမ္မာနုပဿနာဖြစ်ပါ့မလား...(မဖြစ်ပါဘုရား)။

ဒါကြောင့်ဘုရားက 'ဝီတရာဂံ ဝါစိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာတိ'တဲ့၊ လောဘကင်းတဲ့ ကုသိုလ်စိတ်လဲ ဖြစ်ပျက်သာရှုတဲ့ ...(မှန်ပါ့)၊ မပေါပေဘူးလား...(ပေါပါတယ်ဘုရား)၊ ကျေနပ်ပလား...(ကျေနပ်ပါပြီဘုရား)၊ဒါဖြင့် ဖြစ်ပျက်ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား) သိတာက...(မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် ဘာဖြစ်လို့ ဖြစ်ပျက်ပါလိမ့်မတုံး...ဇရာ၊ မရဏဒဏ်ချက်ကြောင့် အသက်ထွက်သွားတာ...(မှန်ပါ့)၊ ရိပ်မိပလား...(ရိပ်မိပါပြီ)၊ ဇရာ၊မရဏဒဏ်ချက်ကြောင့် ဖြစ်ပျက်ရတာ...(မှန်ပါ့)၊ မပျက်ဘူးလား...(မှန်ပါ့)။

ဇရာ၊ မရဏဒဏ်ချက်ကြောင့် ဖြစ်ပြီး ပျက်သွားရတာ...(မှန်ပါ့)၊ ရိပ်မိကြပလား...(ရိပ်မိပါပြီ)၊ ဒါဖြင့် ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)၊ ဘာကိစ္စရှိသတုံးဆိုတော့အနှိပ်စက်ခံခြင်းကိစ္စရှိပါတယ်။ ဒကာ၊ဒကာမတို့ စိတ်ကလေးတစ်ခုမှာ ဘာကိစ္စရှိပါလိမ့်...(အနှိက်စက်ခံခြင်းကိစ္စ ရှိပါတယ်)၊ အဲဒီကိစ္စကို ကိစ္စပေါ်တိုင်းပေါ်တိုင်းသိပေးပါ...(မှန်ပါ့)။

ဘာဉာဏ်ခေါ်မယ်...(ကိစ္စဉာဏ်ခေါ်ပါတယ်)၊ ကိစ္စဉာဏ်၊ကိစ္စဉာဏ် တစ်ကြိမ်တည်းဖြစ်ရမှာလား၊ ပွားများရမှာလား

...(ပွားများရမှာပါ)။

## ကိစ္စဉာဏ်ဟူသရွေ့ ဝိပဿနာ

ဒါဖြင့် ကိစ္စဉာဏ်ဟူသရွေ့ ဝိပဿနာလို့မှတ်လိုက်... (မှန်ပါ့)၊ ရှင်းပလား...(ရှင်းပါပြီ)၊ ကိစ္စဉာဏ်ဟူသရွေ့... (ဝိပဿနာလို့မှတ်လိုက်)။ ဝိပဿနာလို့ မှတ်လိုက်ပါဆိုတာ ကျေကျေနပ်နပ်သဘောကျပလား...(ကျပါပြီ)၊ဒါဖြင့် ဒကာ၊ ဒကာမတို့ ကိစ္စဉာဏ်ဆိုတဲ့ဥစ္စာဖြင့် သိသွားပြီ၊ ကတဉာဏ်ကလေး နည်းနည်းစမယ်၊ ယနေ့ပြီးတော့ မပြီးသေးဘူးပေါ့ဗျာ။

ရှုလိုက် ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်နဲ့သာ ရှုနေ၊ ဘယ်စိတ် ပေါ်ပေါ်ဗျာ၊ ၄၅ထဲက ပေါ်ချင်တာပေါ်...(မှန်ပါ့)၊ ခင်ဗျားတို့ ပုထုဇဉ်တွေထဲမှာ ဘယ်နှစ်စိတ်ပေါ်နိုင်သတုံး...(၄၅ စိတ်ပါ)၊ ၄၅ စိတ်ဆိုတာ အကုသိုလ်က ၁၂၊ အဟိတ်စိတ်က ဟသိတုပ္ပာဒ် ကြဉ် ၁၇၊ မဟာကုသိုလ်စိတ်က ၈ ခု၊ မဟာဝိပါက်က ၈ခု၊ ဒါပဲရှိတယ်...(မှန်ပါ့)၊ ဒီ့ပြင်ဟာ ပေါ်သေးသလား...(မပေါ်ပါ ဘုရား)၊ မပေါ်တော့ ဒါကလေးကိုမှတ်ပြီး သကာလနေတော့ သဂြိုဟ်သရုပ်သမားတွေက ဒီအထဲမှာ ပြောလိုက်တော့ အခုပြော တာတွေလိုတယ်။

## သဂြိုဟ်မတတ်ဘဲနဲ့ နိဗ္ဗာန်ရောက်တယ်

သဂြိုဟ်သရုပ်မှ နားမလည်တဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်မရောက်ရ တော့ဘူးဆိုရာ ရောက်နေတယ်...(မှန်ပါ့)၊ အင်မတန် မနာ ဘူးလား...(နာပါတယ်ဘုရား)၊ အင်မတန်နာတော့ အရှင်

သာရိပုတ္တရာက ဒီပုဂ္ဂိုလ်တွေ နာလိမ့်မယ်တဲ့၊ သဂြိုဟ်မတတ်ဘဲနဲ့ နိဗ္ဗာန်ရောက်အောင် ငါဟောဖို့ လိုသေးတယ်၊ ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)၊ အရှင်သာရိပုတ္တရာဟာ ကျေးဇူးရှင်ကြီးဆိုတာ ပေါ်ပလား...(ပေါ်ပါပြီ)၊ သဂြိုဟ်မတတ်ဘဲနဲ့ နိဗ္ဗာန်ရောက်ရမယ်...(မှန်ပါ့)။

## ခန္ဓာကရှေ့ စာကနောက်

စာသမားတွေနဲ့ကော ကန့်လန့်ကြီးဖြစ်လိမ့်မယ် ထင်တယ်နော်၊ မဖြစ်ပါဘူး၊ မဖြစ်ပါဘူး၊ ဒကာ၊ ဒကာမတို့ခန္ဓာက ရှေ့၊ စာက နောက်ပါ။ ဘယ့်နှယ်ဆိုကြမတုံး...(ခန္ဓာကရှေ့စာက နောက်ပါဘုရား)၊ ဒါဖြင့် အရိုက ရှေ့...(မှန်ပါ့)၊ မှတ်တမ်းက နောက်...(မှန်ပါ့)၊ မဟုတ်ဘူးလား...(ဟုတ်ပါတယ်ဘုရား)။

မင်း ငွေဘယ်လောက်ပေးရမှာတုံးဆိုတော့မှ ဟိုက ငွေယူလာတော့မှ တစ်ဆယ်ပေးမယ်ဆိုမှ တစ်ဆယ်ကို နောက်မှ မှတ်တာ၊ ငွေ အရင်လား၊ မှတ်ရတာက အရင်လား...(ငွေက အရင်ပါဘုရား)။

## ကိုယ့်စိတ်ကို ကိုယ်ရှု

ဒါဖြင့် ငွေကိုကြည့်၊မှတ်တမ်းမကြည့်နဲ့...(မှန်ပါ့)၊ သဘောပါပလား...(ပါ,ပါတယ်)၊ ကဲ...ဒါဖြင့် ဒကာ၊ဒကာမတို့ကိုယ့်စိတ်ကိုယ်ရှု၊ မပေါ်သေးဘူးလား...(ပေါ်ပါပြီဘုရား)၊ ဘယ်လိုပေါ်ပါလိမ့်...(ကိုယ့်စိတ်ကို ကိုယ်ရှုရမှာပါဘုရား)၊ ကိုယ့်စိတ်ထဲ လောဘပေါ်ရင်လဲ လောဘဖြစ်ပျက်ရှု...(မှန်ပါ့)၊ ဒေါသလာရင်

...(ဒေါသကိုဖြစ်ပျက်ရှုရမှာပါ)၊အိပ်ချင်တဲသံခိတ္တာစိတ် လာရင် ...(အိပ်ချင်တဲ့စိတ် ဖြစ်ပျက်ကို ရှုရပါမယ်ဘုရား)။

ပျံ့လွင့်တဲ့ ဝိက္ခိတ္တစိတ်လာရင်...(ပျံ့လွင့်တဲ့စိတ်ကို ရှုရပါမယ်)၊ ဒါဖြင့် ခင်ဗျားတို့သန္တာန်မှာ ဒါတွေ အစုံမပေါ်သေးဘူးလား...(ပေါ်ပါပြီဘုရား)။

ပေါ်ခဲ့လို့ရှိရင် ကိုယ့်စိတ်ကိုယ်ရှုလို့ရှိရင် ကမ္မဋ္ဌာန်း ရှာစရာလိုသေးသလား...(မလိုပါဘုရား)၊ခင်ဗျားတို့သန္တာန် အရိယာစိတ်များ ပေါ်ဦးမှာလား...(မပေါ်ပါဘုရား)။

မပေါ်လို့ရှိရင် ပေါ်တဲ့စိတ်သာရှုတော့...(မှန်ပါ့)၊ အိပ်ချင်ရင် အိပ်ချင်တဲ့စိတ်ဖြစ်ပျက်ရှု၊ စားချင်ရင်...(စားချင်တဲ့စိတ်ဖြစ်ပျက်ရှု)၊ စိတ်မချမ်းသာရင်...(စိတ်မချမ်းသာတဲ့စိတ် ဖြစ်ပျက်ရှု)၊ မချမ်းသာတဲ့စိတ်ဖြစ်ပျက်ရှု။ ကုသိုလ်လုပ်ချင်ရင်...(ကုသိုလ်လုပ်ချင်တဲ့စိတ် ဖြစ်ပျက်ရှု။ မလုပ်ချင်ပြန်ဘူးဆိုရင်ကော၊ မလုပ်ချင်တဲ့စိတ်ကို ဖြစ်ပျက်ရှု...(မှန်ပါ့)၊ ဒီလိုဆိုတော့တရားဟာ ဒကာ၊ဒကာမတို့ ဘယ်မှာရှိပါလိမ့်မလဲဆိုတော့ ကိုယ့်သန္တာန်မှာ ကိုယ်နဲ့ထိုက်တဲ့စိတ်ဟာ တရားချည်းပဲမှတ်လိုက်...(မှန်ပါ့)၊ သဘောပါပလား...(ပါ,ပါပြီဘုရား)။

## ကိုယ့်သန္တာန် ပေါ်ရာသာရှု

ကိုယ့်သန္တာန်ကိုယ်ရတဲ့ စိတ်ဟာဘာပါလိမ့်–(တရားချည်းပါဘုရား)၊ အဲဒီတရား ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါ)၊ ဘာဖြစ်လို့ ဒုက္ခသစ္စာ ဖြစ်ရတုံးဆိုပြီး ပျက်ချည်းနေလို့...(မှန်ပါ့)၊

ဘာသစ္စာဆိုကြမလဲ...(ဒုက္ခသစ္စာပါ)၊ ဒါဖြင့် စိတ် ၄၅–ခု၊ ပေါ်လို့ရှိရင် ပေါ်ရာကို ဘာလုပ်ကြမလဲ...(ရှုရမှာပါ)၊ စာလို ဖတ်ချင်ရင် ၄၅ ခု ပေါ်လိမ့်မယ်...(မှန်ပါ့)။

ဟာ...၄၅ ခု၊ တပည့်တော်က အလာနည်းတယ်ဘုရား၊ ပေါ်ရာရှုပါရစေ ဆိုလို့ရှိရင်ဖြင့် ပေါ်ရာသာရှုတော့...(မှန်ပါ့)၊ သဘောပါလား...(ပါ,ပါတယ်)၊ ပေါ်ရာကိုရှုဆိုတော့ စားချင်တဲ့ စိတ်ပေါ်ရင်လဲဘာလုပ်ရမလဲ...(ရှုရပါမယ်)၊ ဖြစ်ပျက်ရှုပေး (မှန်ပါ့)၊ အိပ်ချင်တဲ့စိတ်လာရင်...(ဖြစ်ပျက်ရှုရမှာပါဘုရား)၊ သူတစ်ပါး မေးငေါ့ချင်တဲ့စိတ်ကလေး ပေါ်လာရင်...(ဖြစ်ပျက် ရှုရမှာပါဘုရား)။

ရှုဖြစ်အောင်ရှု၊ မေးငေါ့တာ ရှည်မနေနဲ့...ရိပ်မိပလား ...(ရိပ်မိပါပြီ)၊ မျက်စောင်းထိုးချင်တဲ့စိတ်ကလေး လာရင်ကော ...(ဖြစ်ပျက်ရှုရမှာပါ)၊ ဖြစ်ပျက်ရှုလိုက်တော့ကိုတဲ့...ဒကာ၊ ဒကာမတို့ ဖြစ်ပျက်ရှုတာက မဂ်ဆိုတော့ ကိစ္စညာဏ် မရဘူး လား...(ရပါတယ်)၊ ကဲ...ကိစ္စညာဏ် ရသွားပြီတဲ့။

ကတညာဏ်ကလေး နည်းနည်းတက်လိုက်...(မှန်ပါ့)၊ သဘောပလား...(ပါ,ပါတယ်)၊ ရှုဖန်များလာတော့ ဒကာ၊ ဒကာမတို့...ဒီအသေဟာ သူများအသေလား၊ ကိုယ့်အသေလား ...(ကိုယ့်အသေပါဘုရား)။

## အသေကို အရှင်နဲ့ကြည့်တာ ဝိပဿနာ

ကိုယ့်စိတ်သေတာကိုးဗျ...(မှန်ပါ့)၊ ကိုယ့်ဝိညာဏက္ခန္ဓာ သေတာ...(မှန်ပါ့)၊ သူများသေတာလား၊ ကိုယ့်ခန္ဓာသေတာလား ...(ကိုယ့်ခန္ဓာသေတာပါဘုရား)၊ ဒါဖြင့် အသေကို အရှင်နဲ့ ကြည့်...(မှန်ပါ့)၊ ပေါ်ပလား...(ပေါ်ပါပြီဘုရား)၊ အသေကို ...(အရှင်နဲ့ကြည့်)၊ အဲဒါ ဝိပဿနာခေါ်တယ်၊ အဲဒါ ကိစ္စဉာဏ် ခေါ်တယ်...(မှန်ပါ့)၊ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)၊ အသေ ကိုအရှင်နဲ့ ကြည့်တာသည် ဘာဉာဏ်ခေါ်ကြမယ်...(ကိစ္စဉာဏ် ခေါ်ပါတယ်ဘုရား)။

## အသေကို အရှင်နဲ့ကြည့်တာ ကိစ္စဉာဏ်

ဩော်...ကိစ္စဉာဏ်ဆိုတာ ဘုရားဟောတော့ ခက်လိုက် တာလို့ ထင်ကြတယ်၊ ဘုန်းကြီးပြောတော့ အသေကို အရှင်နဲ့ ကြည့်လိုက်ပြီးတာပဲ...(မှန်ပါ့)၊ ဒါဟောတာပဲ၊ ရိပ်မိကြပလား ...(ရိပ်မိပါပြီ)၊ အသေကို...(အရှင်နဲ့ ကြည့်လိုက်တာပါ)၊ အသေဆိုတာက စိတ်တစ်ခုနဲ့ အသက်ရှင်တာကိုးဗျ...(မှန်ပါ့)၊ စိတ်တစ်ခုသေသွားတော့ လူတစ်ယောက် မသေသေးဘူးလား ...(သေပါတယ်ဘုရား)။

အဲဒီ မသေသေးတဲ့ ပုဂ္ဂိုလ်ကျတော့ ဒကာ၊ ဒကာမတို့ရှေ့ စိတ်ချုပ်ပြီး နောက်စိတ် မပေါ်ဘူးလား...(ပေါ်ပါတယ်)။

နောက်စိတ်နဲ့ အသက်မရှင်ဘူးလား...(ရှင်ပါတယ် ဘုရား)၊ ဒါဖြင့် အသေကို...(ရှင်တဲ့စိတ်နဲ့ကြည့်ပါ)၊ ဝိပဿနာ

မဖြစ်သေးဘူးလား...(ဖြစ်ပါတယ်ဘုရား)၊ ကောင်းပြီ၊ ဒါဖြင့် ကိစ္စဉာဏ် မရသေးဘူးလား...(ရပါတယ်ဘုရား)၊ ကြာတော့ ကိုယ့်အသေတွေ ကိုယ်မြင်တော့ ခဏခဏသေတာ မမြင်ပေဘူးလား...(မြင်ပါတယ်ဘုရား)။

## ကိုယ့်အသေကိုယ်မြင်တော့ မုန်းလာတယ်

စိတ်ကလေးတစ်ခု ပေါ်ပြန်ပြီ၊ ကိုယ်တစ်ယောက်သေပြန်ပြီ စိတ်ကလေးတစ်ခုပေါ်ပြန်ပြီ၊ တစ်ယောက်သေပြန်ပြီ...(မှန်ပါ့)၊ သခင်ဝတင်၊ မသေသေးဘူးလား...(သေပါတယ်ဘုရား)၊ ကိုယ့်အသေကိုယ်မြင်တော့ မုန်းမလား၊ မမုန်းဘူးလား...(မုန်းပါတယ်ဘုရား)၊ ဒါဖြင့် နိဗ္ဗိန္ဒတက်တာပဲ...(မှန်ပါ့)။

## မလိုချင်တဲ့ဉာဏ်လာတယ်

ဒီအသေကြီး မကြည့်ချင်တော့ပါဘူးဆိုတဲ့၊ ဒီအသေမျိုး မလိုချင်တော့ပါဘူးဆိုတဲ့ ဉာဏ်၊ လာမလား၊ မလာဘူးလား ...(လာပါတယ်ဘုရား)။

လာလို့ရှိရင် အသေပျောက်ပြီးသကာလ ဒကာ၊ဒကာမတို့ မဂ်ပေါ်လာတယ်...(မှန်ပါ့)၊ အသေကို မလိုချင်တော့ပါဘူးဆိုတဲ့ အသေဟာ ဒုက္ခအစစ်မို့ မလိုချင်တော့ပါဘူးလို့ လာလိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ဒီခန္ဓာငါးပါး အကုန်ပျောက်တယ်...(မှန်ပါ့)၊ ဘာသစ္စာပျောက်သွားတာတုံး...(ဒုက္ခသစ္စာပျောက်သွားတာပါ)။

ကတညာဏ်ဆိုတာ

ဒါဖြင့် ဒုက္ခတွေပျောက်တော့ ဒီနေရာမှာ ဒုက္ခမရှိတဲ့နေရာလို့ ဆိုနိုင်၊ မဆိုနိုင်…(ဆိုနိုင်ပါတယ်)၊ အဲ…ဒုက္ခမရှိတဲ့နေရာကို ဒီဉာဏ်က သိပြန်လို့ရှိရင် ကတညာဏ်…(မှန်ပါ့)၊ ရိပ်မိပလား …(ရိပ်မိပါပြီဘုရား)။

ကဲ…ဒီနေ့ ဒီတွင်တော်ကြစို့။

သာဓု–သာဓု–သာဓု။

❀ ❀ ❀

**စာမူခွင့်ပြုချက်အမှတ် – (၃၁/၉၆)(၁၀)**

**ထုတ်ဝေသူ** – ဦးအောင်ချို၊(မြ–၀၈၃၁)၊ မိုးကုတ်ဝိပဿနာ
တရားစဉ်နှင့်လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်၊
အမှတ်–၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ** – ဦးတိုးဝင်း (မြ–၀၂၄၃၁)၊ နေလရောင်ပုံနှိပ်တိုက်၊
အမှတ် ၉၆(ခ)၊ ၁၁လမ်း ၊ ရန်ကုန်မြို့။

မိုးကုတ်ယောဂီများအတွက်သာ ထုတ်ဝေပါသည်။